# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက် ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၃)၊ အမှတ်(၃၂၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီဖွဲ့စည်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၈

ရေယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြောင်းဖြင့် ခရီးသွားကြသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကုန်စည်များ လုံခြုံချောမွေ့စွာ လိုရာခရီးသို့ သယ်ယူပို့ဆောင်နိုင်ရေး ဝန်ဆောင်မှုပေးနိုင်ရန်၊ ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများအနေဖြင့် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းလုပ်ဆောင်နိုင်စေရန်၊ ရေယာဉ်ဆိုက်ကပ်သည့် ဆိပ်ကမ်းနေရာများ စနစ်တကျရှိစေရေး ဆောင်ရွက်ရန်၊ ရေယာဉ်စည်းကမ်း၊ ရေကြောင်းဆိုင်ရာ စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ရေယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရန် ရည်ရွယ်ကာ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ ❑



## ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံ ဧကပေါင်း ၇၃၀၀ ကျော် စိုက်ပျိုးပြီးစီး မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ကျွန်းလှ ဩဂုတ် ၂၈

စစ်ကိုင်းတိုင်း ဒေသကြီး ကျွန်းလှမြို့နယ်တွင် စပါးအပြင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံများ စိုက်ပျိုးလျက်ရှိရာ ယခုနှစ် မိုးရာသီ၌ စိုက်ပျိုးသော မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"မိုးမြေပဲကိုမေလကစတင်ပြီး သုံးဧက စိုက်ပျိုးထားပါတယ်။ ဒီနှစ်က မျိုးစေ့ဖိုး၊ လုပ်အားခနဲ့ သွင်းအားစုပစ္စည်းတွေ ဈေးနှုန်း စာမျက်နှာ ၃ ကော်လံ ၁ ❖

### ယနေ့ ဖတ်စရာ


နိုင်ငံခြားငွေယိုစိမ့်မှုများ လျှော့ချရေး ဝိုင်းဝန်းကူညီပေး ဆောင်းပါး စာ ၆

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ ပြည်တွင်းသတင်း စာ ၈

သတိထားရှောင်ရှားရန်လိုအပ်သော မျောက်ကျောက်ရောဂါ ကူးစက်မှုအန္တရာယ် ဆောင်းပါး စာ ၁၆

## နိုင်ငံသားကောင်း၊ သမီးကောင်းများ ပြုစုပျိုးထောင် အနာဂတ်နိုင်ငံတော်ကို ပညာရေးဖြင့် ပုံဖော်တည်ဆောက်

ဒီမိုကရေစီစနစ်တွင် နိုင်ငံသားတို့ ထကြွလုံ့လရှိရန်၊ ဉာဏ်အမြော်အမြင်ရှိရန်၊ အများပြည်သူအကျိုး သယ်ပိုးလိုစိတ်ရှိရန်လိုသည်။ နိုင်ငံသားတို့၏ စိတ်ဓာတ်အဆင့်အတန်း မြင့်မားသည်နှင့်အမျှ နိုင်ငံကို ကောင်းသည်ထက်ကောင်းအောင်၊ မြင့်သည်ထက် မြင့်မားအောင် တည်ဆောက်နိုင်မည်ဖြစ်ရာ နိုင်ငံသားကောင်းတို့၏ အရည်အချင်းများနှင့် ပြည့်စုံလာအောင် လူတစ်ဦးချင်းစီက မိမိကိုယ်ကို ဖြည့်ဆည်းကြရန် လိုအပ်သကဲ့သို့ ငယ်စဉ်ကပင် ပြုစုပျိုးထောင်ပေးနိုင်ရန်လည်း လိုအပ်သည်။

နိုင်ငံရေးတွေးခေါ်ရှင်တစ်ဦး၏ အဆိုအမိန့်အရ နိုင်ငံသားကောင်းတစ်ဦးတွင် (၁) ဉာဏ်အမြော်အမြင်ရှိခြင်း၊ (၂) မိမိကိုယ်ကို ထိန်းသိမ်းနိုင်ခြင်းနှင့် (၃) အမှားနှင့်အမှန်ကို ခွဲခြားသိတတ်သည့် သိစိတ်ရှိခြင်းဟူသော အရည်အသွေးသုံးရပ်တို့ လိုအပ်ပြီး ပျင်းရိခြင်း၊ ကိုယ်ကျိုးစီးပွားဦးစားပေးခြင်းနှင့် ပါတီစွဲစိတ်ဓာတ်ရှိခြင်းတို့မှာမူ နိုင်ငံသားကောင်းဖြစ်မလာစေရန် ဟန့်တားသည့် အားနည်းချက်များပင်ဖြစ်သည်ဟုဆိုသည်။ ဉာဏ်အမြော်အမြင်ရှိသော နိုင်ငံသားသည် စဉ်းစားဉာဏ်မြင့်မားပြီး အမှန်နှင့် အမှား၊ တရားမှုနှင့် မတရားမှုတို့ကို ခွဲခြားသိမြင်နိုင်စွမ်းရှိသည်။ နိုင်ငံနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ အကျိုးစီးပွားနှင့် ယှဉ်ပါက မိမိနှင့် မိမိဒေသအကျိုးစီးပွားကို ဦးစားမပေးခြင်း၊ လူမှုရေးရာပြဿနာများအပေါ်တွင် မှန်ကန်စွာ သဘောပေါက်နားလည်နိုင်သည့် အသိဉာဏ်နှင့် ဗဟုသုတတို့ ပြည့်စုံခြင်း၊ ထိုပြဿနာများကို ဖြေရှင်းရန်အတွက် အမြော်အမြင်နှင့် ဉာဏ်ပညာရှိခြင်းတို့က နိုင်ငံသားကောင်း၏ မိမိကိုယ်ကို ထိန်းသိမ်းနိုင်သည့် အရည်အချင်းများပင်ဖြစ်သည်။ အမှားနှင့် အမှန်ကို ခွဲခြားတတ်သည့် သိစိတ်ကမူ မိမိလုပ်ကိုင်ဆောင်ရွက်သမျှတို့အပေါ်တွင် အမှား၊ အမှန် သိစိတ်ရှိပြီးဖြစ်သည့်အလျောက် ရိုးရိုးသားသား၊ ဆင်ခြင်တုံတရားရှိရှိဖြင့် ဆောင်ရွက်ကြရန်ပင် ဖြစ်သည်။

ဆိုခဲ့ပါအတိုင်း ကောင်းသောနိုင်ငံသားတို့၏ အရည်အသွေးများနှင့် ပြည့်စုံကြပြီး နိုင်ငံသားတို့၏ တာဝန်သိမှုအရပါ ထိပ်တန်းသို့ရောက်ရှိနေကြပြီဆိုလျှင် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာတွင် ကောင်းသောအကျိုးအာနိသင်တို့ လျင်မြန်စွာ ဖြစ်ပေါ်လာမည်ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားတို့ ကောင်းသော အရည်အသွေးနှင့် ပြည့်စုံစေရေး မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် မွေးထုတ်ပေးသည့်နေရာရပ်ဝန်းများမှာ ကျောင်းများပင် ဖြစ်သည်။ ကျောင်းဝင်စအရွယ်၊ အခြေခံပညာစာသင်ကျောင်းများမှသည် တက္ကသိုလ်၊ ကောလိပ်များအထိ ပညာသင်ကြားသည့် ကာလတစ်လျှောက်လုံး စာကိုသာမက စိတ်ဓာတ်၊ အမူအကျင့်တို့ကိုပါ သင်ကြားပေးရန်လိုသည်။ ပညာသင်ယူမှုများ အားလုံးပြီးမြောက်ချိန်တွင် အရည်အသွေးကောင်းများနှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများအဖြစ် ထွက်ပေါ်လာရမည် ဖြစ်သည်။

“နိုင်ငံတော်ကိုခိုင်မာသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် စည်းကမ်းစနစ်ကျသည့် လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းဖြစ်ရန် လိုအပ်မည်ဖြစ်ပြီး ထိုသို့ဖြစ်ပေါ်လာစေရေးအတွက် သင်ကြားရေးတာဝန်များကို ထမ်းဆောင်ကြမည့်သူများအနေဖြင့် ဝိုင်းဝန်းဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ ယခင်က မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်များကို သင်ခန်းစာဖော်ထုတ်ရယူ၍ အနာဂတ်နိုင်ငံတော်ကို ပညာရေးဖြင့် ပုံဖော်တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းတို့ကို လူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ရာ လူတစ်ဦးချင်းစီတိုင်းက နိုင်ငံသားကောင်း အရည်အချင်းတို့နှင့် ပြည့်စုံပါက စည်းကမ်းစနစ်ကျသည့် လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းတို့ကို လွယ်လွယ်ကူကူ လျင်လျင်မြန်မြန် တည်ဆောက်နိုင်မည်ဖြစ်သည်။ “အမျိုးသားစည်းကမ်းအစ၊ စာသင်ကျောင်းက” ဟူသည့် ကြွေးကြော်သံဆောင်ပုဒ်နည်းတူပင် “နိုင်ငံသားကောင်း၊ သမီးကောင်းအစ စာသင်ကျောင်းက” ဟူသော ခံယူချက်ဖြင့် အနာဂတ်နိုင်ငံအတွက် လိုအပ်သည့် မျိုးဆက်သစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ပါစေကြောင်း။ ။

## အခမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အခမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM) ဖြင့် ကိုင်တွယ်ဖြေရှင်းသွားမည်

**နေပြည်တော်**

မြန်မာနိုင်ငံသည် ILO နှင့် ပူးပေါင်းကာ အခမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ၂၀၀၇ ခုနှစ်မှစတင်၍ သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်မှ စတင်၍ အမျိုးသားအဆင့် အခမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaint Mechanism – NCM) ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အခမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အခမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ မည်သူမဆို အခမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး (ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇- ၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research.org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အခမ္မခိုင်းစေခံရသူများ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အခမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်အဝေးသင်တက္ကသိုလ်၌ ဥပဒေဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ ရန်ကုန်အဝေးသင်တက္ကသိုလ်၏၂၀၂၄ ပညာသင်နှစ် ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၅ ရက်က ရန်ကုန်အဝေးသင်တက္ကသိုလ်၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရန်ကုန်အဝေးသင်တက္ကသိုလ် ကျောင်းသားကျောင်းသူများအား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ၊ လောင်းကစားဥပဒေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် ဥပဒေဆိုင်ရာအခြေခံများကို သိရှိနိုင်ရေးအတွက် ဥပဒေပညာဌာန ပါမောက္ခဒေါက်တာသီတာထွန်းက ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို ဟောပြောသည်။



အခမ်းအနားသို့ ပါမောက္ခချုပ် ဆရာမကြီး၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီးနှင့်ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ သိပ္ပံလက်တွေ့သင်တန်းတက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉ -၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၇၅ | ၃၀၅၅ | ၃၀၃၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၇၀ | ၃၀၈၀ | ၃၀၃၅ | ၃၁၆၅ | ၃၁၄၀ | ၃၀၆၅ | ၃၀၆၀ | ၃၀၉၅ | ၃၀၈၀ | ၃၀၉၅ | ၃၄၉၅ | ၅၀၀၀ |
| 95 Ron | ၃၁၁၅ | ၃၁၉၅ | ၃၁၇၀ | ၃၁၂၅ | ၃၂၀၀ | ၃၂၃၀ | ၃၂၂၅ | ၃၁၇၅ | ၃၃၀၅ | ၃၃၃၅ | ၃၁၈၅ | ၃၂၀၀ | ၃၂၇၅ | ၃၂၂၀ | ၃၂၇၅ | ၃၆၄၀ | ၆၀၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၂၀ | ၂၆၉၀ | ၂၇၀၅ | ၂၇၃၅ | ၂၆၇၀ | ၂၇၈၅ | ၂၈၂၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၃၅ | ၂၇၂၅ | ၃၁၃၀ | ၅၀၀၀ |
| HSD (50 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၃၀ | ၃၂၆၀ | ၃၃၇၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၀၀၀ |
| HSD (10 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၃၀ | ၃၂၆၀ | ၃၃၇၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၀၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၉ | ၂၉၀၉ |
| 95 Ron | ၂၉၅၅ | ၃၀၄၈ |
| HSD (500 ppm) | ၂၄၆၄ | ၂၅၄၃ |
| HSD (50 ppm) | ၃၀၃၇ | ၃၁၂၈ |
| HSD (10 ppm) | ၃၀၃၇ | ၃၁၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

- မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား ကိုယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော် နှစ်ရပ်အကြား သင်တန်းနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်နှင့်အတူ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်သူများ နေ့စဉ်စားသောက်သုံးစွဲနေရသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်/ လူသုံးကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုကို တာဝန်ယူ ဆောင်ရွက်ရသည့်အတွက် အလွန်တာဝန်ကြီးကြောင်း၊ ပြည်သူအများ နေ့စဉ်သုံးစွဲနေရသည့် သောက်ရေသန့်များ၊ စားသုံးဆီများ၊ နို့မှုန့်များကို စနစ်တကျ ပုံမှန်စစ်ဆေးကြီးကြပ်ပေးရန် လိုအပ်ကြောင်း၊ MSMEs လုပ်ငန်းများ အဆင့်မီမီ တိုးတက်စေရေးအတွက်လည်း ဆက်လက်ကူညီပံ့ပိုး ဆောင်ရွက်ပေးစေလိုကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်နေသော ဓာတ်ခွဲခန်းလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်စေရေးနှင့် ဈေးကွက်ထောက်လှမ်းစစ်ဆေးခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်စေလိုကြောင်းနှင့် ဆေးဝါးနှင့် ကာကွယ်ဆေးများ စိစစ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဓာတ်ခွဲခန်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ (MSMEs) နှင့် စပ်လျဉ်းသည့် စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးတို့ကို ပံ့ပိုးဆောင်ရွက်စေလိုကြောင်း မှာကြားသည်။



**လက်ရည်တစ်ပြင်တည်းသုံးဆောင်**

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း၊ ညွှန်ကြားရေးမှူး (စီမံကိန်း/စစ်ဆေးရေး) က ဦးစီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ လုပ်ငန်းဆောင်ရွက်မှုကို တင်ပြခြင်း၊ ညွှန်ကြားရေးမှူး(စီမံ) က အဆင့်မြင့်ဓာတ်ခွဲခန်း(B) ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြခြင်း၊ ညွှန်ကြားရေးမှူး(ဆေးဝါး) က ဆေးဝါးဌာန၏ လုပ်ငန်းလက်ကျန်များလျှော့ချရေး စီမံချက်နှင့်ပတ်သက်၍ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုမှာကြားကာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အရာ ထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို ရင်းနှီးစွာ လက်ရည်တစ်ပြင်တည်း သုံးဆောင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အဆင့်မြင့်ဓာတ်ခွဲခန်း (A) နှင့် (B) ဆောက်လုပ်ပြီးစီး၍ အသုံးပြုနေမှုအခြေအနေများ၊ ဇီဝစံဓာတ်ခွဲခန်းနှင့် ဆေးဝါးဌာနခွဲတို့ကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

ကြည့်မြင်တိုင်မြို့နယ်အတွင်း လှိုင်မြစ်အား အသုံးပြုလျက် သွားလာလှုပ်ရှားနေကြသည့် ခရီးသွားပြည်သူများ၏ အသက်အန္တရာယ် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် စက်တပ်သမ္ဗန်ရေယာဉ်မောင်းနှင်သူများအား စနစ်တကျမှတ်ပုံတင် ထုတ်ပေးရေးနှင့် သမ္ဗန်ရေယာဉ်ပြေးဆွဲရေး၊ သမ္ဗန်ရေယာဉ်ဂိတ်များဖွဲ့စည်းမှု၊ ရေကြောင်းသွားလာမှုဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးနှင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် မှတ်ပုံတင်ထားရှိသည့် မြင်းကောင်ရေ ၂၀ အောက် စက်တပ်သမ္ဗန် ၅၃၇ စင်းရှိရာ သမ္ဗန်ရေယာဉ်ဂိတ် ခုနစ်ဂိတ်ဖြစ်သည့် ဆိပ်ကြီးရေယာဉ်ဂိတ်တွင် အစင်း ၆၀၊ စက်ဆန်းရေယာဉ်ဂိတ်တွင် ၉၂ စင်း၊ အောက်ရုံရေယာဉ်ဂိတ်တွင် ၈၈ စင်း၊ အလတ်ချောင်း ရေယာဉ်ဂိတ်တွင် ၁၀၃ စင်း၊ အေးရွာအရှေ့ရေယာဉ်ဂိတ်တွင် ၅၄ စင်း၊ ဘလုတ်ညွန့်ရေယာဉ်ဂိတ်တွင် ၇၄ စင်း၊ စက်ကလေးရေယာဉ်ဂိတ်တွင် ၆၆ စင်းဖြင့် အသီးသီးပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

တက်ပါတယ်။ စိုက်ပျိုးပြီး မိုးရွာသွန်းမှုနည်းပေမယ့် နောက်ပိုင်းမိုးရွာသွန်းလို့ အောင်မြင်ဖြစ်ထွန်းပါတယ်။ မိုးမြေပဲကို စားသုံးဆီအပြင် ဆောင်းမြေပဲ စိုက်ပျိုးဖို့ မျိုးအဖြစ် ထားရှိကြပါတယ်” ဟု တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ မိုးမြေပဲစိုက်ခင်းများ အောင်မြင်ပြီး အထွက်နှုန်းကောင်းမွန်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မြေပဲစိုက်ခင်းများအတွင်း ကျရောက်တတ်သည့် ရွက်လိပ်ရွက်ကပ် ပိုးကျရောက်မှု ကြိုတင်ကာကွယ်ရန်၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေး၊ တမာပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရန်နှင့် ကာကွယ်ရေး နည်းစနစ်များ ကွင်းဆင်းအသိပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ယာမြေဧက ၄၈၀၀၀ ကျော်ရှိပြီး ယခုနှစ်မိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးရန် ၇၃၁၄ ဧက လျာထားကြောင်း၊ ယနေ့အထိ မြေပဲ ၇၂၄၃ ဧက၊ နှမ်း ၁၁ ဧက၊ နေကြာ ၆၅ ဧက စုစုပေါင်း ၇၃၁၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မော်လမြိုင်ကျွန်း၌ စာကြည့်တိုက်အဆောက်အဦသစ် ပန္နက်တင်အခမ်းအနားကျင်းပ

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၈**

မော်လမြိုင်ကျွန်းမြို့နယ် တန့်ငူကျေးရွာအုပ်စု ကွမ်းခြံချောင်းကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မတည်ငွေဖြင့် တည်ဆောက်မည့် စာကြည့်တိုက်အဆောက်အဦသစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာတွင်ကျင်းပရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် တာဝန်ရှိသူများသည် ပန္နက်တင်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းသည်။

အဆိုပါကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မတည်ငွေကျပ်သိန်း ၁၅၀ ဖြင့် အလျားပေ ၅၀၊ အနံပေ ၄၀ ရှိ တစ်ထပ်စာကြည့်တိုက်အဆောက်အဦသစ် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



## နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်
## အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ

# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ





**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေးနှင့် တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများက လူကိုယ်တိုင်နှင့် Online တို့ဖြင့် တက်ရောက်ကြသည်။

**ဖြစ်မှုဖြစ်ဒဏ်များကိုသိရှိ**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများက တာဝန်ရှိ ပုဂ္ဂိုလ်များအနေဖြင့် အဂတိလိုက်စားမှု မြောက်နိုင်သောကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဖြစ်မှုဖြစ်ဒဏ်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်လာနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများ တိုးတက် ကောင်းမွန်လာစေရန်အတွက် အဂတိလိုက်စားမှု ကင်းစင်ရန် လိုအပ်ပါကြောင်း၊ အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့် သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေး စနစ်တစ်ခုကို အကောင်အထည်ဖော် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ပိုမိုအလေးထားဆောင်ရွက်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အများပြည်သူကို တိုက်ရိုက်ဝန်ဆောင်မှုပေးနေသည့် ဌာနအဖွဲ့အစည်းများဖြစ်သည့်အတွက် အများပြည်သူကို အပြည့်အဝ ဝန်ဆောင်မှုပေးရန်နှင့် အဂတိလိုက်စားမှု ကင်းစင်ရေး ပိုမိုအလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့အပြင် ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ယူ/ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာဖြင့် ကျောသားရင်သား မခွဲခြားဘဲ မျှတစွာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေးက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**မေးမြန်းဆွေးနွေး**

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးမြတ်မွန်က အဂတိလိုက်စားမှု၏သဘောသဘာဝများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးကဏ္ဍများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအေးမင်းသောင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့် ဦးဆောင်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# လှည်းကူးမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရှမ်းရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေဇေယျုံကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် လေးပါးနှင့် ဒေသခံပြည်သူ ၆၆ ဦးတို့ကို သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ရောဂါရှာဖွေစစ်ဆေးကုပေးခြင်းများ ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ယင်းသို့ ဆောင်ရွက်နေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်တက္ကသိုလ်၌ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် မျောက်ကျောက်ရောဂါသိကောင်းစရာများ အသိပညာပေး

**ပြည် ဩဂုတ် ၂၈**

အဆင့်မြင့်ပညာဦးစီးဌာန ပြည်တက္ကသိုလ်နှင့် ပြည်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ရောဂါနှင့် Mpox (မျောက်ကျောက်) ရောဂါအကြောင်း သိကောင်းစရာအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၇ ရက်က ပြည်တက္ကသိုလ်ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဟောပြောပွဲတွင် ပြည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ သက်သက်ထွန်းက ပြည်တက္ကသိုလ် ကျောင်းသားကျောင်းသူများအား ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးအပါအဝင် ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများနှင့်ကြိုတင်ကာကွယ်ရေးနည်းလမ်းများကိုသိရှိစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာသဉ္ဇာက ဝမ်းရောဂါပိုးများပါရှိသည့် မသန့်ရှင်းသော ရေနှင့် အစားအစာများကို စားသောက်မိရာမှ တစ်ဆင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်မှုဖြစ်ပွားရခြင်း အကြောင်း၊ ရောဂါလက္ခဏာများအကြောင်းနှင့်ရောဂါမဖြစ်ပွားအောင် လိုက်နာဆောင်ရွက်သင့်သည့် ကျန်းမာရေးဆိုင်ရာ ဆောင်ရန်/ရှောင်ရန်အချက်များ အကြောင်း၊ ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများနှင့် ရောဂါဖြစ်ပွားပါက နီးစပ်ရာ ကျန်းမာရေးဌာန၌ အချိန်မီ ဆေးကုသမှုခံယူရမည့်အကြောင်းများကို အသိပညာပေး ဆွေးနွေးခဲ့သည်။

ယင်းနောက် ကျောင်းသားကျောင်းသူများ၏ ကျန်းမာရေးဆိုင်ရာ သိရှိလိုသည့် မေးမြန်းဆွေးနွေးမှုများအပေါ် ဆွေးနွေးဟောပြောသူများက ပြန်လည်ဖြေကြားဆွေးနွေးကြပြီး ခရိုင်ပြည်သူ့ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများထံ ကျန်းမာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ရောဂါနှင့် Mpox (မျောက်ကျောက်) ရောဂါဆိုင်ရာ ကာကွယ်ရေးနှိုးဆော်ချက်များပါဝင်သည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



## မုတ်သုံလေ အားကောင်းလာမည်

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာမည်။

**မိုး/ဇလ**

# မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် အထူးရန်ပုံငွေ (၂၀၂၃) ဖြင့် ဆောင်ရွက်သည့် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲကျင်းပ





နေပြည်တော် ဩဂုတ် ၂၈

**မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် အထူးရန်ပုံငွေ (၂၀၂၃) ဖြင့် ဆောင်ရွက်သည့် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း Virtual စနစ်ဖြင့် တက်ရောက်သည်။** (ယာပုံ)

ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အဖွဲ့ဝင်များ၊ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (မြန်မာ) မှ ကိုယ်စားလှယ်များ၊ စားသောက်ကုန်လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်း စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေး လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်နေသည့် ဝန်ကြီးဌာနဖြစ်၍ လုပ်ငန်းများကို ထိထိရောက်ရောက် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေး မူဝါဒ၊ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်ကို ၂၀၁၆ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ကြောင်း၊ မူဝါဒရည်မှန်းချက်အနေဖြင့် ၂၀၁၂ ခုနှစ် စွမ်းအင်သုံးစွဲမှုကိုအခြေခံပြီး ၂၀၃၀ ပြည့်နှစ်တွင် ၂၀ ရာခိုင်နှုန်း လျှော့ချနိုင်ရန် ရည်ရွယ်ထားကြောင်း၊ ကမ္ဘာ့ရည်မှန်းချက်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ပန်းတိုင် (၇) (Global Sustainable Development Goal 7) ၏ အဓိကရည်ရွယ်ချက် (၃)ရပ်အနက် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေး လုပ်ငန်းများကို နှစ်ဆ တိုးမြှင့်ရမည်ဟု သတ်မှတ်ထားကြောင်း။

**နည်းပညာများမျှဝေသွားမည်**

ယခုဆွေးနွေးပွဲသည် ရန်ကုန်မြို့တွင်ရှိသည့် စားသောက်ကုန်လုပ်ငန်းအများစုအတွက် ရည်ရွယ်ပြီး စွမ်းအင်အကျိုးရှိစွာသုံးစွဲရေး နည်းပညာများ မျှဝေသွားမည်ဖြစ်ကြောင်း၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲရေးဆိုင်ရာ နည်းပညာများနှင့် စားသောက်ကုန်လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာပညာရှင်များက ဆွေးနွေးပြောကြားပေးမည်ဖြစ်ကြောင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ အားလုံးအနေဖြင့် သိရှိလိုသည်များကို အသေးစိတ်မေးမြန်းကြရန်နှင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးက အစားအသောက်ထုတ်လုပ်မှုကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အမျိုးသားအဆင့် အတိုင်ပင်ခံ ကိုယ်စားလှယ်က အစားအသောက် ထုတ်လုပ်မှုကဏ္ဍ၌ စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲမှုနှင့် ပတ်သက်၍ အဓိကဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ အစားအသောက် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ကိုယ်စားလှယ်က အစားအသောက် ထုတ်လုပ်မှုကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုကို လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ကိုယ်စားလှယ်က မြန်မာနိုင်ငံတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် ရှုထောင့်အမြင်ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ အကြံပြုဆွေးနွေးခြင်းနှင့် စွမ်းအင်အကျိုးရှိ ထိရောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများ ချမှတ်ခြင်းတို့ကို ဆောင်ရွက်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ အထိမ်းအမှတ်အခမ်းအနား တက်ရောက်



**ထားဝယ် ဩဂုတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ၂၀၂၄–၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်၏ ဆောင်ပုဒ်ဖြစ်သည့် "ဗလငါးတန်ဖွံ့ဖြိုးရေး ကျောင်းကျန်းမာရေးအလေးပေး" ဆိုသည့်အတိုင်း နိုင်ငံဘက်စုံ ဖွံ့ဖြိုးတိုးတက်ရန် အဓိကလူ့စွမ်းအား အရင်းအမြစ်ဖြစ်သော ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် ကျောင်းကျန်းမာရေး လုပ်ငန်းများကို ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အခြားဆက်စပ်ဌာနများ၏ ပံ့ပိုးကူညီမှုနှင့်အတူ ရှေ့ဆက်ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာမိုးဇော်က ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းကျန်းမာရေး အထိမ်းအမှတ် Video Clip ကို ပြသသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီးတို့က ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် စာစီစာကုံး၊ ပိုစတာ၊ ပန်းချီ ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်းမှ ခင်းကျင်းပြသထားသော ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ပြခန်းများနှင့် ဉာဏ်စမ်းမေးခွန်းမေးမြန်းနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြစ်သားမြို့နယ်၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်သရုပ်ပြ

မြစ်သား ဩဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့ ရွှေသူဌေးရပ်ကွက်ရှိ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း (မြစ်သား) ၌ မြစ်သားမြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်သရုပ်ပြသခြင်းကို ဩဂုတ် ၂၈ ရက်က ပြုလုပ်သည်။

အဆိုပါ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်သရုပ်ပြသရာတွင် မြို့နယ်မီးသတ် ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်များက မီးလောင်မှုနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အခါ တုံ့ပြန်ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးပြီး ဘေးအန္တရာယ်လျော့ပါးစေရေးအတွက် သရုပ်ပြလေ့ကျင့်ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များက စိတ်ဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# သံလွင်မြစ်နှင့် စစ်တောင်းမြစ်ရေကြီးမှုကြောင့် ဘားအံ၊ တောင်ငူနှင့် မဒေါက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေသူများအနေဖြင့် အထူးသတိပြု

**နေပြည်တော် ဩဂုတ် ၂၈**

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ နှစ်ပေခန့် (၅၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ နှစ်ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေကျော် (၃၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# နိုင်ငံခြားငွေယိုစိမ့်မှုများ လျှော့ချရေး ဝိုင်းဝန်းကူညီပေး

ရွှေရည်ဦး

### နိုင်ငံခြားငွေဆိုတာဘာလဲ

နိုင်ငံခြားငွေဆိုတာ မိမိတို့နိုင်ငံမဟုတ်တဲ့ အခြားနိုင်ငံတစ်နိုင်ငံက အသိအမှတ်ပြုထုတ်ဝေသုံးစွဲတဲ့ ငွေကြေးကိုဆိုလိုပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ သုံးစွဲနေတဲ့ နိုင်ငံအလိုက် ငွေကြေးအမျိုးမျိုးအနက် နိုင်ငံအများအပြားက သုံးစွဲကြတဲ့ နိုင်ငံခြားငွေတွေ တစ်နိုင်ငံမှ အခြားနိုင်ငံသို့ စီးဆင်း ရွေ့ပြောင်းမှုများဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကဏ္ဍအတွက် အင်မတန်မှအရေးပါပါတယ်။ ကမ္ဘာ့မှာ အများဆုံးအရောင်းအဝယ်ပြုလုပ်နေကြတဲ့ ထိပ်တန်းနိုင်ငံခြားငွေကြေး ၁၀ မျိုးကတော့ အမေရိကန်ဒေါ်လာ၊ ယူရို၊ ဂျပန်ယန်း၊ ပေါင်စတာလင်၊ ဩစတြေးလျဒေါ်လာ၊ ကနေဒါဒေါ်လာ၊ ဆွစ်ဖရန့်၊ တရုတ်ယွမ်၊ ဟောင်ကောင်ဒေါ်လာနဲ့ နယူးဇီလန်ဒေါ်လာတို့ပဲ ဖြစ်ပါတယ်။ အဆိုပါငွေကြေးများနဲ့ တစ်ကမ္ဘာလုံးမှာ တစ်နေ့ပျမ်းမျှရောင်းဝယ်မှုပြုနေတဲ့ပမာဏကို လေ့လာကြည့်ပါက အောက်ပါအတိုင်းတွေ့ရှိရပါတယ် -

**တစ်နေ့တာရောင်းဝယ်မှု ပမာဏနှင့် ထိပ်တန်းငွေကြေး ၁၀ မျိုး၌ ပါဝင်မှုအခြေအနေ**

| စဉ် | ငွေကြေးအမျိုးအစား | တစ်နေ့ပျမ်းမျှ ရောင်းဝယ်မှု ပမာဏ (ဒေါ်လာထရီလီယံ) | ရောင်းဝယ်မှု ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | အမေရိကန်ဒေါ်လာ | ၂.၉၀ | ၄၉.၆ |
| ၂ | ယူရို | ၁.၁၀ | ၁၈.၈ |
| ၃ | ဂျပန်ယန်း | ၀.၅၅ | ၉.၄ |
| ၄ | ပေါင်စတာလင် | ၀.၄၂ | ၇.၂ |
| ၅ | ဩစတြေးလျဒေါ်လာ | ၀.၂၂ | ၃.၈ |
| ၆ | ကနေဒါဒေါ်လာ | ၀.၁၇ | ၂.၉ |
| ၇ | ဆွစ်ဖရန့် | ၀.၁၆ | ၂.၇ |
| ၈ | တရုတ်ယွမ် | ၀.၁၄ | ၂.၄ |
| ၉ | ဟောင်ကောင်ဒေါ်လာ | ၀.၁၂ | ၂.၁ |
| ၁၀ | နယူးဇီလန်ဒေါ်လာ | ၀.၀၇ | ၁.၂ |

ဓာတ်မြစ်။ https://www.bankbazaar.com/currency-exchange/most-traded-currencies-in-the-world ပေါ်အခြေခံ၍ စာရေးသူမှ တွက်ချက်ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံမှာလည်း အများဆုံး ရောင်းဝယ်ဖောက်ကားအသုံးပြုနေတဲ့ နိုင်ငံခြားငွေမှာ အမေရိကန်ဒေါ်လာဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာနဲ့အတူ ယူရို၊ ထိုင်းဘတ်ငွေ၊ တရုတ်ယွမ်၊ မလေးရှားရင်းဂစ်၊ စင်ကာပူဒေါ်လာနဲ့ ဂျပန်ယန်းတို့ကိုလည်း သုံးစွဲမှုများပါတယ်။ အဲဒီနိုင်ငံခြားငွေတွေကို တရားဝင်အသုံးပြုခြင်းကြောင့် ငွေကြေးလည်ပတ်စီးဆင်းနေမှု ကောင်းမွန်သလောက် ဥပဒေပြင်ပက အသုံးပြုမှုတွေများလာတဲ့အခါ နိုင်ငံတော်ရဲ့ အရေးကြီးကဏ္ဍတွေမှာ အသုံးပြုဖို့ နိုင်ငံခြားငွေလိုအပ်ချက်တွေ ဖြစ်ပေါ်လာနိုင်ပါတယ်။

> ❖ **တရားမဝင် စီးထွက်နိုင်တဲ့ကဏ္ဍများအနက်မှ အာမခံကဏ္ဍမှာ နိုင်ငံခြားငွေနဲ့ ပေးချေရတဲ့ အာမခံထားသူတွေဟာ မြန်မာ့အာမခံလုပ်ငန်းမှတစ်ဆင့် နိုင်ငံခြားအာမခံကုမ္ပဏီများထံသို့ ချိတ်ဆက်ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံခြားအာမခံကုမ္ပဏီသို့ တိုက်ရိုက်ချိတ်ဆက်ပြီး အာမခံထားရှိနေကြတဲ့အတွက် တရားဝင်နည်းလမ်းနဲ့မဟုတ်ဘဲ ပြည်ပကို နိုင်ငံခြားငွေ တရားမဝင် စီးဆင်းမှုတွေရှိနေ**
>
> ❖ **ယေဘုယျအနေနဲ့ကြည့်မယ်ဆို ခရီးသွားကာလပေါ်မူတည်ပြီးတော့ ခရီးသွားကုမ္ပဏီတစ်ခုလျှင် ပြည်ပသွားရောက်တဲ့ ခရီးသွားဦးရေဟာ တစ်လလျှင် လူဦးရေ ၃၀ မှ ၅၀ အကြားရှိတဲ့အတွက် တစ်ဦးလျှင် အာမခံကြေး အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၈ ဒေါ်လာနဲ့ တစ်နှစ်လျှင် ခန့်မှန်းခြေအားဖြင့် ခရီးသွားကုမ္ပဏီတစ်ခုကနေပြီး အမေရိကန်ဒေါ်လာ ၁၀,၀၀၀ ကျော် ပြည်ပသို့ စီးဆင်းလျက်ရှိနေပါတယ်။ လက်ရှိ ရန်ကုန်တိုင်းဒေသကြီးမှာ ခရီးသွားကုမ္ပဏီ ၂,၈၆၂ ခု ရှိတဲ့အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၆၂ သန်းခန့် ပြည်ပသို့ စီးဆင်းနိုင်ခြေရှိကြောင်း ခန့်မှန်းနိုင်**

### နိုင်ငံခြားငွေ ဘယ်ကရတာလဲ

နိုင်ငံခြားငွေရနိုင်တဲ့ အခွင့်အလမ်းတွေကတော့ ပို့ကုန်ဝင်ငွေများ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်ပ၌ ရင်းနှီးမြှုပ်နှံမှုများမှ ရငွေများ၊ ပြည်တွင်းသို့ လွှဲပို့ငွေများ၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းဝန်ဆောင်မှုမှ ဝင်ငွေများ၊ ပြည်တွင်း၌ နိုင်ငံခြားငွေဖြင့် ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ချေးယူရရှိငွေနှင့် ပြည်ပထောက်ပံ့ငွေစသည်တို့ ဖြစ်ပါတယ်။

### နိုင်ငံခြားငွေလိုအပ်ချက်က ဘယ်နေရာတွေမှာလဲ

နိုင်ငံခြားငွေကို ပြည်တွင်း သုံးစွဲမှုအနေနဲ့ စက်သုံးဆီ၊ စားသုံးဆီ၊ လူသုံးကုန်နဲ့ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း၊ ဆေးဝါးကုန်ကြမ်း၊ စက်ကိရိယာများ၊ ပြည်ပကြွေးမြီပေးဆပ်ခြင်း၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းများသို့ နှစ်စဉ် ထည့်ဝင်ကြေးများ၊ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ခြင်း၊ ဆေးကုသခြင်း၊ ပညာသင်သွားရောက်ခြင်း၊ အပန်းဖြေခရီးအပါအဝင် ပြည်ပဘုရားဖူးသွားရောက်ခြင်း စသည့် စရိတ်အမျိုးမျိုးအတွက် နိုင်ငံခြားငွေကို သုံးစွဲရပါတယ်။ အဲဒီအသုံးစရိတ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ပြည်တွင်း ထုတ်ကုန်ပစ္စည်းများကို သုံးစွဲခြင်း၊ ပြည်တွင်းမှ စီးထွက်နေတဲ့စရိတ်များကို လျှော့ချသုံးစွဲခြင်းနဲ့ ပြည်ပတင်ပို့မှုမှ ရရှိတဲ့ရငွေများကို ပြည်တွင်းသို့ ပြန်လည်စီးဝင်စေခြင်းတို့ကို ဆောင်ရွက်ရပါတယ်။

### နိုင်ငံခြားငွေ ယိုစိမ့်နေမှုများ

ပြည်ပသို့ သွားရောက်ရာမှာလည်း တရားဝင် သွားရောက်ခြင်းများ ရှိသလို တရားမဝင် သွားရောက်နေခြင်းများလည်း ရှိပါတယ်။ မူလသွားရောက်စဉ်က တရားဝင်အလည်အပတ် သွားရောက်ခြင်းဖြစ်သော်လည်း သက်ဆိုင်ရာနိုင်ငံရောက်မှ အလုပ်လုပ်တာ၊ ပညာသင်တာတွေ ဖြစ်သွားကြတာကြောင့် တရားဝင်သွားရာကနေ တရားမဝင်လမ်းကြောင်းသို့ ရောက်သွားတာကိုလည်း တွေ့ရပါတယ်။

### ပြည်ပသို့ နှစ်စဉ်သွားရောက်နေသည့်အရေအတွက်

ကိုဗစ် - ၁၉ နောက်ပိုင်းမှာ နယ်စပ်ထွက်ပေါက်များ အပါအဝင် ပြည်ပသို့သွားရောက်တဲ့ ခန့်မှန်းလူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

ဦးရေ

| ခုနှစ် | ပညာသင်/ဆေးကု/ဘုရားဖူး/ ခရီးသွား/အလုပ်လုပ်ကိုင် | အခြား | စုစုပေါင်း |
|---|---|---|---|
| ၂၀၂၂ | ၅၂၆,၁၉၆ | ၅၁,၈၆၃ | ၅၇၈,၀၅၉ |
| ၂၀၂၃ | ၉၁၃,၆၃၁ | ၈၂,၇၆၁ | ၉၉၆,၃၉၂ |
| ၂၀၂၄(ဇူလိုင်ထိ) | ၆၄၅,၃၁၅ | ၅၆,၀၀၂ | ၇၀၁,၃၁၇ |
| **စုစုပေါင်း** | **၂,၀၈၅,၁၄၂** | **၁၉၀,၆၂၆** | **၂,၂၇၅,၇၆၈** |

ဓာတ်မြစ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

အထက်ဖော်ပြပါ ဇယားတွင်ပါရှိတဲ့ အခြားဆိုတာက နိုင်ငံတော်မှ တရားဝင် စေလွှတ်တဲ့ ကိုယ်စားလှယ်အဖွဲ့များ၊ သံရုံးဝန်ထမ်းများနဲ့ ယင်းတို့၏ မိသားစုဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သင်္ဘောသားများ စသည်တို့ ပါဝင်ပါတယ်။ သွားရောက်တဲ့သူတွေထဲမှာ အလည်အပတ် ရည်ရွယ်ချက်နဲ့သွားတဲ့ ဦးရေက အများစုဖြစ်သော်လည်း သွားရောက်သူအချို့ကတော့ တစ်ဖက်နိုင်ငံသို့ ရောက်တဲ့အချိန်မှာ မူလရည်ရွယ်ချက်အတိုင်းမဟုတ်ဘဲ အလုပ်ရှာ၊ အလုပ်လုပ်ရင်းနဲ့ တရားမဝင် ရွှေ့ပြောင်းသွားလာသူအဖြစ် ရောက်ရှိသွားတာတွေလည်း ရှိပါတယ်။ သူတို့တွေ ပြည်ပမှာ ဒုက္ခရောက်နေလို့ နိုင်ငံတော်စရိတ်နဲ့ ပြန်ခေါ်ရတဲ့ သာဓကများလည်း ရှိပါတယ်။

### နိုင်ငံခြားသွားရောက်တဲ့သူတစ်ဦးအတွက် သုံးစွဲရတဲ့ အနည်းဆုံး နိုင်ငံခြားသုံးငွေ

နိုင်ငံခြား ခရီးသွားမယ်ဆိုရင် သွားရောက်တဲ့ ရည်ရွယ်ချက်နှင့် ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်အမျိုးအစားပေါ် မူတည်၍ ဗီဇာကြေးပေးသွင်းရပါတယ်။ ဗီဇာဆောင်ရွက်ခငွေပမာဏနဲ့ နေထိုင်ခွင့်ပေးတဲ့ကာလကလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူကြပါ။ ဥပမာ - ထိုင်းနိုင်ငံသို့ ဆေးကုသဖို့ သွားရောက်သူအနေနဲ့ Medical Tourist Visa လို့ခေါ်တဲ့ ဆေးဘက်ဆိုင်ရာ ခရီးသွားဗီဇာကို လျှောက်ထားရပါတယ်။ ဗီဇာကြေးကတော့ တစ်ကြိမ်ဝင်ခွင့် အမေရိကန် ဒေါ်လာ ၄၀ ဖြစ်ပြီး သက်တမ်းကာလ သုံးလပေးထားပါတယ်။ သုံးလအတွင်း မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာပြီး ဆေးကုသရန် ရက်ချိန်းကြောင့် ထပ်မံသွားရောက်မည်ဆိုပါက ဗီဇာကြေး ထပ်ပေးရမှာ ဖြစ်ပါတယ်။

အလားတူ ထိုင်းနိုင်ငံမှာ ကျောင်းတက်ဖို့ ကျောင်းသားဗီဇာ (Student Visa) လျှောက်ထားတဲ့ အခါမှာလည်း အမေရိကန်ဒေါ်လာ ၆၅ ဒေါ်လာ၊ ယူရို ၆၀ ဝန်းကျင်ခန့် ပေးရမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံသို့ ပညာသင်သွားပါကလည်း ကနဦး ၃ လခန့် ဗီဇာကြေး အမေရိကန် ဒေါ်လာ ၃၈ ဒေါ်လာခန့် ပေးသွင်းရပါတယ်။ ဒါ့အပြင် ဆောင်ငွေနဲ့ အာမခံကြေး၊ ဆေးစစ်မှုခံယူဖို့နဲ့ ကြိုတင်ပေးသွင်းမှုများအတွက် ဆောင်ငွေ ယွမ် ၅,၀၀၀ နဲ့ ညီမျှတဲ့ အမေရိကန်ဒေါ်လာ ၇၀၀ ကျော်က ယူဆောင်သွားဖို့လိုပါတယ်။ စင်ကာပူ ဗီဇာကြေးကတော့ နိုင်ငံကူးလက်မှတ်နှင့် သွားရောက်မယ့်အကြောင်းအရာများအလိုက် အနည်းဆုံး ဒေါ်လာ ၉၉ ဒေါ်လာမှ စပေးရပါတယ်။ လေယာဉ်လက်မှတ်ခကတော့ သွားရောက်မယ့် နိုင်ငံအလိုက် ကွာခြားနိုင်ပြီး အာဆီယံနှင့် အိမ်နီးနားချင်းနိုင်ငံများသို့သွားရောက်ပါက ခရီးအနီးအဝေးနဲ့ လေကြောင်းလိုင်းများပေါ် မူတည်ပြီး ပျမ်းမျှအားဖြင့် အနည်းဆုံးဒေါ်လာ ၁၀၀ ကျော်မှ ၁,၀၀၀ ကျော်ခန့် ကုန်ကျနိုင်ပါတယ်။ ဘုရားဖူးခရီးစဉ်များဆိုရင် ၂၀၂၃ ခုနှစ်၊ ဗုဒ္ဓဂယာဘုရားဖူးတစ်ဦးကို ဘုရားဖူးရက်နဲ့ ခရီးစဉ်ပေါ်မှာ မူတည်ပြီး ဒေါ်လာ ၅၀၀ ကျော်မှ ဒေါ်လာ ၁,၀၀၀ ကြား ကုန်ကျပါတယ်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဟဂ်ျဘုရားဖူးတစ်ဦးစရိတ်မှာ ဒေါ်လာ ၄,၀၀၀ ကျော်မှ ၅,၀၀၀ ကျော်အထိ ကုန်ကျပါတယ်။ ဗီဇာကြေး၊ လေယာဉ်ခတွေဟာ ပြည်တွင်းမှာကတည်းက နိုင်ငံခြားငွေသုံးစွဲရတဲ့ စရိတ်တွေဖြစ်ပါတယ်။ ဒီကနဦး နိုင်ငံခြားငွေကုန်ကျစရိတ်တွေကို ခရီးသွားမယ့်သူများကလည်း ရရာနည်းနဲ့ရှာကြသလို ပြင်ပမှာ တရားမဝင်ရောင်းချသူတွေကလည်း ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းထက်ပိုပြီး ဈေးနှုန်းတင်ရောင်းချနေကြတာကိုလည်း တွေ့ရပါတယ်။

အလည်အပတ်နဲ့ ဘုရားဖူးခရီးသွားလာမှုများမှာလည်း အနည်းဆုံးတစ်ဦးလျှင် လေယာဉ်လက်မှတ်ခနှင့် နေထိုင်စရိတ်များ အပါအဝင် အနည်းဆုံး အမေရိကန်ဒေါ်လာ ၁,၀၀၀ မှ ၆,၀၀၀ ကျော်အထိရှိနိုင်ကြောင်း ခန့်မှန်းရရှိပါတယ်။ ပြည်ပတွင် နေထိုင်ရက် ပိုမိုကြာရှည်ပါက ယခုထက်မက ငွေကြေးကုန်ကျနိုင်ပါတယ်။

ဒ့ါအပြင် နိုင်ငံတော်ကလည်း အလုပ်လုပ်ကိုင်မည့်သူ၊ ဆေးကုသမည့်သူနဲ့ ပညာသင်သွားရောက်မယ့်သူ တစ်ဦးလျှင် ငွေသား အမေရိကန်ဒေါ်လာ ၃၀၀ မှ ၅၀၀ အတွင်း ရောင်းချပေးရတာကြောင့် မသွားခင် သုံးစွဲရတဲ့ ကုန်ကျစရိတ်က အမေရိကန်ဒေါ်လာ ၇၀၀ မှ ၁,၅၀၀ အတွင်း အနည်းဆုံးရှိကြောင်း ခန့်မှန်းနိုင်ပါတယ်။ ဒါဟာ တရားဝင်အမေရိကန်ဒေါ်လာ အနည်းဆုံးစီးထွက်မှုများဖြစ်ပါတယ်။

နိုင်ငံခြားရောက်သွားတဲ့အခါ နေထိုင်မှုစရိတ်အတွက် သက်ဆိုင်ရာ နိုင်ငံရဲ့ငွေကြေးကို ရှာရပါသေးတယ်။ ဥပမာ – ပညာသင်မယ့်သူက ပညာသင်ထောက်ပံ့ကြေးရရှိပါက သက်ဆိုင်ရာ ပညာသင်ထောက်ပံ့ကြေးပေးတဲ့ အဖွဲ့အစည်း/ တက္ကသိုလ်စရိတ်နဲ့ ကျောင်းတက်နိုင်ပြီး မရပါက နေထိုင်မှုစရိတ်အတွက် သက်ဆိုင်ရာနိုင်ငံမှာ အလုပ်လုပ်ရင်း ရှာဖွေရတာ ရှိပါတယ်။ နမူနာအားဖြင့် ထိုင်းနိုင်ငံမှာ ပညာသင်တစ်ဦး အခြေခံလိုအပ်တဲ့ နေထိုင်မှုစရိတ်က ကျောင်းလခမပါ လစဉ်အမေရိကန်ဒေါ်လာ ၄၅၃ ဒေါ်လာခန့် ရှိပါတယ်။ ဒီစရိတ်တွေကိုပေးချေဖို့ ပညာသင်စရိတ်နဲ့ အလုပ်လုပ်ကိုင်ရင်း ရရှိတဲ့စရိတ် လုံလောက်မှု မရှိပါက မိဘ၊ ညီအစ်ကို မောင်နှမများက နိုင်ငံခြားငွေရောင်းချတဲ့ နေရာတွေကနေ တရားဝင်နဲ့ တရားမဝင်တဲ့ နည်းလမ်းများနဲ့ရှာဖွေပြီး ပေးပို့ကြရပါတယ်။

အလားတူ ဆေးကုသမှုစရိတ်မှာလည်း သာမန်ဆေးစစ်မှုမှသည် ရောဂါအမျိုးအစားအလိုက် ဆေးကုသည်အထိ ဆေးကုသစရိတ်များ ကွာခြားမှုရှိပါတယ်။ ထိုင်းနိုင်ငံမှာ ဆရာဝန် စမ်းသပ်ခအနေနဲ့ ပုဂ္ဂလိက ဆေးခန်း၊ ဆေးရုံနဲ့ ရောဂါအမျိုးအစားပေါ် မူတည်ပြီး ဘတ် ၇၀၀ မှ ၃,၀၀၀၊ အမေရိကန်ဒေါ်လာအားဖြင့် ၂၂ ဒေါ်လာမှ ၉၄ ဒေါ်လာထိရှိပြီး အစိုးရဆေးရုံများမှာ ဘတ် ၂၀၀ မှ ၅၀၀၊ အမေရိကန် ဒေါ်လာအားဖြင့် ၆ ဒေါ်လာမှ ၁၆ ဒေါ်လာထိ ရှိကြောင်းတွေ့ရပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးကို CT Scan ရိုက်ပါက အနည်းဆုံး အမေရိကန် ဒေါ်လာ ၇၀၀ မှ ၇၈၀ အတွင်း ကုန်ကျကြောင်း တွေ့ရပါတယ်။ ဒါကြောင့် ပြည်ပမှာ သွားရောက်ပြီး ဆေးစစ်မယ်ဆိုရင် အနည်းဆုံး သုံးစွဲရမယ့်စရိတ်က ဒေါ်လာ ၁,၀၀၀ အထက်အထိ ရှိနိုင်ပါတယ်။

ယခုခန့်မှန်းရရှိတဲ့ အနည်းဆုံး ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁,၀၀၀ ကို ပြည်ပသို့ ထွက်ခွာနေတဲ့ လူဦးရေ ( ရှေ့မှာဖော်ပြခဲ့တဲ့ ပြည်ပသို့ ခရီးသွားရောက်တဲ့ ဇယားရှိ အခြားစာရင်းမပါ ) နှင့် တွက်ချက်ကြည့်ပါက အနည်းဆုံး နိုင်ငံခြားငွေ စီးထွက်မှုမှာ နှစ်စဉ် ဒေါ်လာသန်း ၁,၀၀၀ နီးပါးရှိတယ်လို့ ခန့်မှန်းနိုင်မှာ ဖြစ်ပါတယ်။ အကြောင်းအရာပေါ် မူတည်ပြီး ဒီထက်လည်း ပိုနိုင်ပါတယ်။

## တရားမဝင် စီးထွက်နိုင်တဲ့ ခန့်မှန်းချက်များ

တရားမဝင် စီးထွက်နိုင်တဲ့ကဏ္ဍများအနက်မှ အာမခံကဏ္ဍမှာ နိုင်ငံခြားငွေနဲ့ ပေးချေရတဲ့ အာမခံထားသူတွေဟာ မြန်မာ့အာမခံလုပ်ငန်းမှတစ်ဆင့် နိုင်ငံခြားအာမခံကုမ္ပဏီများထံသို့ ချိတ်ဆက်ဆောင်ရွက်ခြင်း မပြုဘဲ နိုင်ငံခြားအာမခံကုမ္ပဏီသို့ တိုက်ရိုက်ချိတ်ဆက်ပြီး အာမခံထားရှိနေကြတဲ့အတွက် တရားဝင်နည်းလမ်းနဲ့မဟုတ်ဘဲ ပြည်ပကို နိုင်ငံခြားငွေ တရားမဝင်စီးဆင်းမှုတွေရှိနေပါတယ်။

ခရီးသွားအာမခံမှာလည်း အချို့သော သံရုံးများက နိုင်ငံခြားအာမခံကုမ္ပဏီတွေရဲ့ ကျန်းမာရေးအာမခံနဲ့ ခရီးသွားအာမခံတွေကိုသာ လက်ခံတဲ့အတွက် ဒီလိုအခြေအနေမျိုးနဲ့လည်း နိုင်ငံခြားငွေများ ပြည်ပသို့ စီးဆင်းမှုများ ရှိနေပါတယ်။

ယေဘုယျအနေနဲ့ကြည့်မယ်ဆို ခရီးသွားကာလပေါ် မူတည်ပြီးတော့ ခရီးသွားကုမ္ပဏီတစ်ခုလျှင် ပြည်ပသွားရောက်တဲ့ ခရီးသွားဦးရေဟာ တစ်လလျှင် လူဦးရေ ၃၀ မှ ၅၀ အကြား ရှိတဲ့အတွက် တစ်ဦးလျှင် အာမခံကြေး အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၈ ဒေါ်လာနဲ့ တစ်နှစ်လျှင် ခန့်မှန်းခြေအားဖြင့် ခရီးသွားကုမ္ပဏီတစ်ခုကနေပြီး အမေရိကန်ဒေါ်လာ ၁၀,၀၀၀ ကျော် ပြည်ပသို့ စီးဆင်းလျက်ရှိနေပါတယ်။ လက်ရှိရန်ကုန်တိုင်းဒေသကြီးမှာ ခရီးသွားကုမ္ပဏီ ၂,၈၆၂ ခု ရှိတဲ့အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၆၂ သန်းခန့် ပြည်ပသို့ စီးဆင်းနိုင်ခြေရှိကြောင်း ခန့်မှန်းနိုင်ပါတယ်။

ဒ့ါအပြင် ကုန်ပစ္စည်းအရောင်းအဝယ်လုပ်ငန်းတွေမှာ သတ်မှတ်ရက်အတွင်း ဝယ်သူက ငွေပေးချေနိုင်ခြင်းမရှိတဲ့အခါ ကုစားပေးနိုင်မယ့် ပို့ကုန်/ သွင်းကုန်လုပ်ငန်းများအတွက် ထားရှိတဲ့ Trade Credit Insurance အမျိုးအစားကိုလည်း နိုင်ငံခြားကုမ္ပဏီများနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နေခြင်းများလည်း ရှိနေပါတယ်။

❍ **ပြည်ပနိုင်ငံကြီးများမှ မိမိတို့နိုင်ငံရဲ့ စီးပွားရေးကို နည်းလမ်းမျိုးစုံဖြင့် ပိတ်ဆို့မှုများကြောင့် ပြည်တွင်းသို့ စီးဝင်လာနိုင်တဲ့ ငွေကြေးများမှာ စီးဝင်ရန် အကန့်အသတ်ဖြစ်ပေါ်နေပါတယ်။ ဒ့ါကြောင့် နိုင်ငံခြားငွေ တိုးတက်ရရှိရေးအတွက် နိုင်ငံခြားဝင်ငွေ ရရှိနိုင်မယ့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ပြီး ပို့ကုန်တိုးမြှင့်နိုင်ရေး၊ လွှဲပို့ငွေများ တရားဝင် စီးဝင်မှုပိုမိုစေရေး၊ တရားမဝင်ကုန်သွယ်မှုများ လျှော့ချရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိရေးတို့ကို ကြိုးပမ်းကြရမှာဖြစ်**

ကုန်စည်ပို့ဆောင်သူများ တာဝန်ယူမှုအာမခံ (Freight Forwarders Liability Insurance) နဲ့ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်မှု အာမခံ (Multimodal Transport Operator Liability Insurance) တွင်လည်း လုပ်ငန်းဆောင်ရွက်နေတဲ့ သင်္ဘောလိုင်းများ၊ ကုမ္ပဏီများ ၅၇ ခုရှိတဲ့အနက် နိုင်ငံခြားအာမခံကုမ္ပဏီများတွင် တိုက်ရိုက်အာမခံထားရှိတဲ့ကုမ္ပဏီ ၅၀ ကျော်ရှိတဲ့အတွက် နိုင်ငံခြားငွေယိုစိမ့်မှုတွေ ရှိနေနိုင်ပါတယ်။

သင်္ဘောပိုင်ရှင်တွေအတွက် အကာအကွယ်နဲ့ လျော်ကြေးအာမခံ (Protection & Indemnity (P&I) Insurance) ကို နိုင်ငံတကာရေပိုင်နက်တွင် တွေ့ကြုံရနိုင်တဲ့ အန္တရာယ်များအတွက် အာမခံအကာအကွယ် ကျယ်ကျယ်ပြန့်ပြန့်ပေးနိုင်တဲ့ နိုင်ငံခြားအာမခံကုမ္ပဏီများနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး နိုင်ငံခြားငွေ ပေးချေခြင်းတွေလည်း ရှိနေပါတယ်။

အလားတူပင် မီးတစ်ဆင့်အာမခံအမျိုးအစား လက်ခံဆောင်ရွက်မှုအပိုင်းမှာလည်း ရန်ကုန်တိုင်းဒေသကြီး တစ်ခုတည်းတွင်ပင်လျှင် စက်ရုံ အလုပ်ရုံပေါင်း ၈,၀၆၃ ခုခန့် ရှိတဲ့အနက် မြန်မာနိုင်ငံရှိအာမခံကုမ္ပဏီများကတစ်ဆင့် နိုင်ငံခြား အာမခံကုမ္ပဏီများမှာ တစ်ဆင့်အာမခံထားရှိသည့် စက်ရုံအရေအတွက်ဟာ ၆၈၃ ခုသာရှိတဲ့အတွက် ပြည်တွင်းသို့ စီးဆင်းတဲ့ နိုင်ငံခြားငွေဟာ ၈ ရာခိုင်နှုန်းခန့်သာရှိပြီး ကျန် ၉၂ ရာခိုင်နှုန်းဟာ နိုင်ငံခြားအာမခံကုမ္ပဏီများနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး နိုင်ငံခြားငွေပေးချေခြင်းများကို ဆောင်ရွက်နေနိုင်ခြေရှိပါတယ်။

ဟွန်ဒီနဲ့ တရားမဝင်နည်းလမ်းကနေ ငွေလွှဲတာတွေ၊ အိမ်ခြံမြေပွဲစားများရဲ့ အကူအညီနဲ့ နိုင်ငံရပ်ခြားမှာ တိုက်ခန်းများ၊ ကွန်ဒိုများဝယ်ယူခြင်း၊ အိမ်နီးချင်းနိုင်ငံများနဲ့ ရွှေအရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ကြခြင်းစတဲ့ လုပ်ငန်းများ၊ တရားမဝင် လောင်းကစားလုပ်ငန်းများမှလည်း နိုင်ငံခြားငွေစီးဝင်/စီးထွက်မှုများလည်း ရှိနေပါတယ်။

နိုင်ငံရပ်ခြားမှ ကုန်စည်ပစ္စည်းတွေကိုဝယ်ယူရာမှာ ဟွန်ဒီလို တရားမဝင်ငွေလွှဲဆောင်ရွက်တဲ့ ကြားခံဆောင်ရွက်ပေးသူတွေကတစ်ဆင့် ဝယ်ယူတာတွေကိုလည်း ရှောင်ရှားဖို့ လိုပါတယ်။

## နိုင်ငံခြားငွေ တိုးတက်ရရှိရေး၊ ဝင်ငွေသုံးငွေမျှတရေးနှင့် နိုင်ငံခြားငွေ ယိုစိမ့်မှုများလျှော့ချရေး

ပြည်ပနိုင်ငံကြီးများမှ မိမိတို့နိုင်ငံရဲ့ စီးပွားရေးကို နည်းလမ်းမျိုးစုံဖြင့် ပိတ်ဆို့မှုများကြောင့် ပြည်တွင်းသို့ စီးဝင်လာနိုင်တဲ့ ငွေကြေးများမှာ စီးဝင်ရန် အကန့်အသတ်ဖြစ်ပေါ်နေပါတယ်။ ဒ့ါကြောင့် နိုင်ငံခြားငွေ တိုးတက်ရရှိရေးအတွက် နိုင်ငံခြားဝင်ငွေ ရရှိနိုင်မယ့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ပြီး ပို့ကုန်တိုးမြှင့်နိုင်ရေး၊ လွှဲပို့ငွေများ တရားဝင် စီးဝင်မှုပိုမိုစေရေး၊ တရားမဝင်ကုန်သွယ်မှုများ လျှော့ချရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိရေးတို့ကို ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

ဝင်ငွေနဲ့အသုံးစရိတ်မျှတဖို့ဆိုရင် ဝင်ငွေတိုးတက်ဖို့လိုသလို သုံးငွေကိုလည်း ခြိုးခြံချွေတာဖို့ လိုအပ်ပါတယ်။ ဒ့ါအပြင် မလိုလားအပ်တဲ့ ယိုဖိတ်မှုများမရှိစေရေး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

နိုင်ငံခြားငွေ ဒေါ်လာသုံးစွဲမှုနဲ့ ယိုစိမ့်မှုများ လျှော့ချနိုင်ရေးအတွက် မလွှဲမရှောင်သာ ကိစ္စရပ်များမှ တစ်ပါး ခြိုးခြံချွေတာရမယ့် ကိစ္စရပ်များအတွက် မိမိတို့ ပြည်တွင်းဝန်ဆောင်မှုများကို ရယူသုံးစွဲခြင်း၊ တရားဝင်လမ်းကြောင်းမှ ဆောင်ရွက်လို့ရပါလျက် တရားမဝင်လမ်းကြောင်းဘက်သို့ ရောက်သွားတဲ့ ကိစ္စရပ်များ မပြုလုပ်မိစေရေးကို သတိပြုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေလိုအပ်ချက်နဲ့ ယိုစိမ့်မှုများ လျှော့ချနိုင်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံခြားငွေယိုစိမ့်မှုများ လျော့ကျလာပါက နိုင်ငံတော်အနေနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများမှာ ယခုထက် ပိုမိုသုံးစွဲလာနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုပေးနေတဲ့ ဌာနများဘက်ကလည်း ယခုထက်ပိုမိုပြီး ပြည်သူများရဲ့ လိုအပ်ချက်များကို ပိုမိုကောင်းမွန်အောင် ဝန်ဆောင်မှုပေးနိုင်ဖို့ ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

မိမိတို့ပြည်တွင်း လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးနှင့် သာယာဝပြောမှုရှိစေရေးအတွက် မိမိတို့ မိသားစုဝင် ပြည်သူများကိုယ်တိုင်က ကိုယ်စီအသိနဲ့လိုက်နာစောင့်ထိန်းရမှာဖြစ်ပါတယ်။ ဒ့ါကြောင့် နိုင်ငံတော်စီးပွားရေးနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေးအတွက် နိုင်ငံသားတစ်ဦးချင်းတစ်ယောက်ချင်း ကိုယ်စီအသိနဲ့ နိုင်ငံခြားငွေယိုစိမ့်မှုများ လျှော့ချရေးကို တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

❑ **နိုင်ငံခြားငွေ ဒေါ်လာသုံးစွဲမှုနဲ့ ယိုစိမ့်မှုများ လျှော့ချနိုင်ရေးအတွက် မလွှဲမရှောင်သာ ကိစ္စရပ်များမှတစ်ပါး ခြိုးခြံချွေတာရမယ့် ကိစ္စရပ်များအတွက် မိမိတို့ပြည်တွင်းဝန်ဆောင်မှုများကို ရယူသုံးစွဲခြင်း၊ တရားဝင်လမ်းကြောင်းမှ ဆောင်ရွက်လို့ရပါလျက် တရားမဝင်လမ်းကြောင်းဘက်သို့ရောက်သွားတဲ့ ကိစ္စရပ်များ မပြုလုပ်မိစေရေးကို သတိပြုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေလိုအပ်ချက်နဲ့ ယိုစိမ့်မှုများ လျှော့ချနိုင်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မှာဖြစ်**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၃-၂၀၂၄ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သား/သမီး ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများ အတုယူလေ့လာနိုင်စေရန် လေ့လာရေးခရီးစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ် ၂၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံဆိုင်ရာစစ်သံမှူး ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



ထူးချွန်လူငယ်များလေ့လာရေးအဖွဲ့ ပေကျင်းမြို့ရှိ Grate wall သို့ သွားရောက်လေ့လာပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။

**သွားရောက်လည်ပတ်**

အဆိုပါ ထူးချွန်လူငယ်များပါဝင်သည့် လေ့လာရေးအဖွဲ့သည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ Tian Tan ပန်းခြံသို့ သွားရောက်လည်ပတ်ခြင်း၊ မွန်းလွဲပိုင်းတွင် Ling Guang ဘုရားကျောင်းသို့ သွားရောက်၍ ဘုရားကျောင်းတွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**နွေရာသီနန်းတော်သို့လေ့လာ**

ယနေ့နံနက်ပိုင်းတွင် အဆိုပါထူးချွန်လူငယ်များပါဝင်သည့် လေ့လာရေးအဖွဲ့သည် ပေကျင်းမြို့ရှိ Grate wall သို့ သွားရောက်လေ့လာခဲ့ကြပြီး မွန်းလွဲပိုင်းတွင် နွေရာသီနန်းတော်သို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ရှင်းလင်းပြသ**

ထိုသို့ သွားရောက်လေ့လာရာတွင် နိုင်ငံတော်အဆင့် ဘက်စုံပညာထူးချွန်လူငယ်ရွေးချယ်ခံရသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ သက်ဆိုင်ရာ နေရာအလိုက်မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ထူးချွန်လူငယ်များလေ့လာရေးအဖွဲ့ ပေကျင်းမြို့ရှိ Tian Tan ပန်းခြံသို့ သွားရောက်လည်ပတ်လေ့လာကြစဉ်။



ထူးချွန်လူငယ်များလေ့လာရေးအဖွဲ့ ပေကျင်းမြို့ရှိ Grate wall သို့ သွားရောက်လေ့လာစဉ်။

## ဗိုလ်တထောင်မြို့နယ်၌ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းကျင်းပ

ဗိုလ်တထောင် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်များ အသိပညာ၊ အတွေးအခေါ်များ ပြည့်ဝစေပြီး စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများရရှိစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွန်းလာစေရန်၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဩဂုတ် ၂၇ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးစိုးလှိုင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းစတင်ခဲ့ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဗိုလ်တထောင်မြို့နယ် ဦးစီးအရာရှိ ဒေါ်ခင်ဝင်းကြည်နှင့် အမှတ်(၆)အခြေခံပညာ အထက်တန်း ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေလှိုင်တို့က ဆောင်ရွက်ပြီး ကျောင်းသားခြောက်ဦးက လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် ကျန်းမာရေး စသည့် ခေါင်းစဉ်ပါအကြောင်းအရာများကို ဆွေးနွေးပြီး တက်ရောက်လာကြသည့် ကျောင်းသားများက မိမိတို့သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးခဲ့သည်။

**ခင်ဝင်း(ပြန်/ဆက်)**



# တစ်ဧကစိုက်ပျိုးထုတ်လုပ်မှုတွင် ဆီထွက်ရှိမှုပမာဏအများဆုံးဖြစ်သည့် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၈

**မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်း၊ ဦးစီးဌာန တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။**



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ရေမြေအခြေအနေပေးသည့်ဒေသများကို အခြေပြု၍ သီးနှံအလိုက် ပန်းတိုင်အထွက်ရရှိသည့် တောင်သူဦးရေ တိုးပွားလာစေရေး နှင့် ပန်းတိုင်အထွက်နှုန်းရရှိသည့် ဧရိယာတိုးတက်လာစေရေး ပံ့ပိုးကူညီဆောင်ရွက်ပေးပြီး ဒေသ၏စိုက်ပျိုးထုတ်လုပ်မှုမြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ဝါသီးနှံစိုက်ပျိုးမှုမြှင့်တင်နိုင်ရေးအတွက် တောင်သူလယ်သမားများနှင့် ပတ်သက်သည့် လူမှုစီးပွားရေးနှင့် သီးနှံဆိုင်ရာ စစ်တမ်းကောက်ယူခြင်း သုတေသနပြုခြင်း လုပ်ငန်းများကို လူငယ်စိုက်ပျိုးရေးပညာရှင်များအပါအဝင် သက်ဆိုင်ရာ ဌာနများ စုပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

အလားတူ ဆီထွက်သီးနှံ မြေပဲ၊ နှမ်းနှင့် တောင်သူအကြိုက် အခြားဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကို မထိခိုက်စေဘဲ တစ်ဧကစိုက်ပျိုးထုတ်လုပ်မှုတွင် ဆီထွက်ရှိမှု ပမာဏအများဆုံး သီးနှံဖြစ်သည့် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးကို စနစ်တကျ စီမံဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် ဆီထွက်ပဲပုပ်သီးနှံကိုလည်း စမ်းသပ်စိုက်ပျိုးကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးမြို့ အောင်မေတ္တာရပ်ကွက်ရှိ ရွှေပြည်သာဆီစက်၏ ဆီကြိတ်ခန်းနှင့် စားသုံးဆီသန့်ထုတ်လုပ်နေမှု၊ ပဲပုပ်ဆီထုတ်လုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး (ဝဲပုံ) ကုန်ကြမ်းရရှိမှု၊ ထုတ်လုပ်မှုနှင့် ဈေးကွက် အခြေအနေများကို မေးမြန်းဆွေးနွေးကာ ဆီစက်၏ ကြိတ်ခွဲထုတ်လုပ်နိုင်မှု စွမ်းအားမြှင့်တင်နိုင်ရေးအတွက် အခြားဆီထွက်သီးနှံများ ကြိတ်ခွဲထုတ်လုပ်နိုင်ရေး အားပေးပြောကြားသည်။

အလားတူ မကွေးမြို့ သစ်ပွဲကြိုရပ်ကွက်ရှိ ပုဂ္ဂလိကတမာပိုးသတ်ဆေးစက်ရုံကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



(၂၇)ကြိမ်မြောက် ပြည်ထောင်စုအဆင့် တရားစီရင်ရေး၊ စီမံခန့်ခွဲရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းခြင်းကို ဩဂုတ် ၂၇ ရက်က ကယားပြည်နယ် တရားလွှတ်တော်ရုံး၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်နယ်တရားရေးဦးစီးမှူး ဦးထွန်းထွန်းအောင်၊ ပြည်နယ်တရားလွှတ်တော် တရားရေးအရာရှိများ၊ ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ် တရားသူကြီးများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ရှင်းလင်းပြောကြားစဉ်။ ကိုဇင်(လွိုင်ကော်)

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ဟိုတယ်အလုပ်အကိုင်ဆိုင်ရာ သင်တန်းနှင့် ဂဟေလုပ်သားကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်နေမှုကို ကြည့်ရှုအားပေး

**ရန်ကုန် ဩဂုတ် ၂၈**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် တောင်ဒဂုံမြို့နယ်ရှိ Arbourfield Assessment Center ၌ ဂဟေလုပ်သား Level-1၊ Level-2 အလုပ်အကိုင်အတွက် ဖြေဆိုသူများကို ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး**(ယာပုံ)**ရန်ကင်းမြို့နယ်ရှိ Athean Community College တွင် ဟိုတယ်အလုပ်အကိုင်နှင့်ပတ်သက်၍ သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို သွားရောက်အားပေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ ရည်ရွယ်ချက်နှင့်အညီ မြန်မာနိုင်ငံ၏ လုပ်သားဈေးကွက်နှင့် ကိုက်ညီမည့် အလုပ်အကိုင်များအတွက် လိုအပ်သည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် ကျွမ်းကျင်မှုသင်တန်းများပေး၍ အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးနိုင်ရေး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်မှ ယနေ့ထိ အလုပ်အကိုင် ၅၂ မျိုးအတွက် စစ်ဆေးအကဲဖြတ်ရေးဌာနများ တည်ထောင်၍ စစ်ဆေးရေးမှူးနှင့် စစ်ဆေးအကဲဖြတ်သူများ တာဝန်ပေးအပ်ကာ ဘဏ္ဍာရေးနှစ်အလိုက် စစ်ဆေးအကဲဖြတ်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း။

ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားခရီးသွားများ လာရောက်တည်းခိုချိန်တွင် ဟိုတယ်အသီးသီးရှိ လုပ်သားများအနေဖြင့် မိမိတို့၏ ကျွမ်းကျင်မှုများကို အကောင်းဆုံး ပြသရန်လိုကြောင်း၊ အလားတူ စက်မှုလုပ်ငန်းများရှိ ဂဟေလုပ်သားများအနေဖြင့်လည်း အကောင်းဆုံး စွမ်းဆောင်မှုပြသ၍ မိမိတို့အသက်မွေးဝမ်းကျောင်း အဆင်ပြေချောမွေ့စေရေး အလေးထားဆောင်ရွက်ပေးရန်နှင့် လုပ်ဖော်ကိုင်ဖက်လုပ်သားများကို အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ရယူထားနိုင်ရေး လက်ဆင့်ကမ်းပြောကြားပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံမြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး မြေစိုက်ပိုစတာများ စိုက်ထူ

**ဘားအံ ဩဂုတ် ၂၈**

ကရင်ပြည်နယ် ဘားအံမြို့၌ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းကို ကရင်ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၂၇ ရက်က ဘားအံမြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများ၌ စိုက်ထူကြသည်။

အဆိုပါ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူခြင်းကို အမှတ်(၁)ရပ်ကွက် ပဒုမ္မာလမ်းရှိ မြို့နယ် မိုးလုံလေလုံအားကစားရုံနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ လည်းကောင်း၊ အမှတ်(၇)ရပ်ကွက် ကမ်းနားလမ်းနှင့် စောစံစီဖိုး လမ်းထောင့်အနီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့နှင့် အမှတ် (၈)ရပ်ကွက် ကမ်းနားလမ်း အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင်လည်းကောင်း၊၂၀၁၉ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ဆောင်ပုဒ်၊လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ် နှင့် လူကုန်ကူးမှုများနှင့်ပတ်သက်ပြီး သတင်းပေးပို့နိုင်သည့် ဖုန်းနံပါတ်များ ပါဝင်သည့်အသိပညာပေး မြေစိုက်ပိုစတာများကိုအမှတ်(၈)၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု ဘားအံမှ စိုက်ထူခဲ့သည်။

အခမ်းအနားသို့ ဘားအံခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဇယ်လက်ကာနိုကို အနိုင်ယူပြီး ဘာစီလိုနာအသင်း နိုင်ပွဲဆက်လက်ထိန်းထားနိုင်ခဲ့

စပိန်လာလီဂါပွဲစဉ် (၃) မှ ဩဂုတ် ၂၈ ရက် နံနက် ၂ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ဇယ်လက်ကာနိုနှင့် ဘာစီလိုနာအသင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ယူကာ နိုင်ပွဲကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်ကို ဇယ်လက်ကာနိုအသင်း အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၁၄၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

ယခုလအစောပိုင်းတွင် ဘာစီလိုနာအသင်းက လိုက်ပ်ဇစ်အသင်းမှ ပေါင် ၅၁ သန်းဖြင့် ခေါ်ယူထားသော ဒန်နီအိုလ်မို အသင်းအတွက် ပွဲဦးထွက်ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကာ အရေးပါသည့် သွင်းဂိုးတစ်ဂိုးရယူနိုင်ခဲ့သည်။ ဦးဆောင်ဂိုးကို အိမ်ရှင်ဇယ်လက်ကာနိုအသင်းက သွင်းယူနိုင်ခဲ့သော်လည်း ချေပဂိုးနှင့် အနိုင်ဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ဇယ်လက်ကာနိုအသင်းသည် ဘာစီလိုနာအသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကို ပွဲချိန်အများစု ခုခံကာကွယ်ခဲ့ရသော်လည်း ရံဖန်ရံခါ ထိုးဖောက်တိုက်စစ်ဆင်မှုများမှ တစ်ဆင့် ပြိုင်ဘက်ကို အခက်တွေ့အောင် ကစားထားနိုင်ခဲ့သည်။ ဇယ်လက်ကာနိုအသင်းအတွက် သွင်းဂိုးကို လိုပက်ဇ်က သွင်းယူပေးပြီး ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို ပက်ဒရီနှင့် အိုလ်မိုတို့က သွင်းယူပေးနိုင်ခဲ့သည်။

စပိန်လာလီဂါပွဲစဉ် (၃) မှ အစောပိုင်းယှဉ်ပြိုင်ကစားခဲ့သည့် မာယော့ကာနှင့် ဆီဗီလာအသင်းပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။ ယင်းပွဲစဉ်တွင် ဆီဗီလာအသင်းမှ ဗဟိုကွင်းလယ်ကစားသမား ဆောလ်နီဂွက်ဇ် ပွဲချိန်ပြည့်ခါနီးတွင် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

**အောင်ဇော်**

# ထီးလင်းမြို့နယ်၌ မိုးမြေပဲသီးနှံများ လှိုင်လှိုင်ပေါ်

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်၌ မိုးမြေပဲနှင့် ဆောင်းမြေပဲစိုက်ဧက တစ်သောင်းခန့် နှစ်စဉ်စိုက်ပျိုးကြောင်း၊ ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်သည့်အတွက် ဒေသခံတောင်သူများသည် စိုက်ပျိုးရေး လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြပြီး ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံ မြေပဲကို အဓိကထား၍ နှစ်စဉ်စိုက်ပျိုးကြကြောင်း သိရသည်။



ထီးလင်းမြို့နယ်အတွင်းရှိ ဝက်သက်၊ လုံးပေါင်၊ လက်ပံ၊ ဒေါသာ၊ သရခါ၊ အနောက်ဘက်၊ မြောက်ဘက်၊ ထလင်း စသည့် ကျေးရွာများ၌ ပင်ထောင်အတောင့်သေးမျိုးများကို စိုက်ဧက ၅၀၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း၊ မြေပဲသီးနှံကို မေလတွင် စတင်စိုက်ပျိုး၍ ဩဂုတ်လတွင် လှိုင်လှိုင်တူးဖော်ကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၈၀၀၀၀၀ ခန့်ကုန်ကျပြီး တစ်ဧကပျမ်းမျှ အထွက် ၅၅ တင်းခန့်ထွက်ရှိကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးချိန်မှ တူးဖော်ချိန်အထိ ရာသီဥတုကောင်းမွန်သည့်အတွက် မြေပဲအထွက်နှုန်းကောင်းမွန်ကြောင်း၊ ဩဂုတ်လ စတုတ္ထပတ်တွင် ဒေသပေါက်ဈေးအနေဖြင့် သီးနှံအရည်အသွေးပေါ်မူတည်၍ မြေပဲတောင့် တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ – ၄၀၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကအကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၄၀၀၀၀၀ ခန့်ရရှိကြောင်း၊ ထီးလင်းမြို့နယ်အတွင်းမှ ထွက်ရှိသော မြေပဲများကို ဒေသခံ ဝယ်လက် (ပွဲစား) များမှ ဝယ်ယူ၍ ပခုက္ကူဈေးကွက်သို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း သိရှိရသည်။

**DOCA (မကွေး)**

# မင်းဘူးမြို့နယ်၌ ခရမ်းချဉ်သီးဈေးကောင်းရ

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ ပေါက်ပင်တွင်း၊ ရေမျက်နှင့် ကျောက်တန်းကျေးရွာများတွင် ခရမ်းချဉ်သီးနှံကို အဓိကစိုက်ပျိုးလျက်ရှိပြီး ယခုနှစ်တွင် ဧက ၁၂၀ ကျော်စိုက်ပျိုးထားရှိကြောင်း သိရသည်။

မျိုးအနေဖြင့်LORA – 909 (သီးစို)ခရမ်းချဉ်သီးမျိုးကို တစ်ထုပ်လျှင် ငွေကျပ် ၁၉၅၀၀ နှုန်းဖြင့် ဝယ်ယူ၍ တစ်ဧကလျှင် မျိုးထုပ် ၅–၆ ထုပ်ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မျိုးစေ့များကို ပျိုးအိတ်ဖြင့်ပျိုးကာ ပျိုးပင် ၁၅ ရက်သားအရွယ်တွင် မြေချ၍ တိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးကြောင်း၊ ဇွန်လတွင် စတင်စိုက်ပျိုးပြီး ဩဂုတ်လတွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀၀ ခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ခရမ်းချဉ်သီးပိဿာချိန် ၃၂၀၀–၃၅၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဩဂုတ်လ စတုတ္ထပတ်တွင် ခရမ်းချဉ်သီး လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀–၂၀၀၀ ဖြင့် ရောင်းချရပြီး တစ်ဧကအကျိုးအမြတ်အနေဖြင့် ငွေကျပ် ၄၀၀၀၀၀၀ ခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့နှင့် မင်းဘူးမြို့တို့သို့ တင်ပို့ရောင်းချကြပြီး မိုးရွာသွန်းမှု များပြားခြင်းကြောင့် ယခုနှစ်တွင် ခရမ်းချဉ်သီးအထွက်နှုန်း လျော့နည်းသော်လည်း ခရမ်းချဉ်သီးထွက်ပေါ်ချိန်တွင် ဈေးနှုန်းကောင်းမွန်မှုကြောင့် အကျိုးအမြတ်များစွာရရှိကြောင်း သိရှိရသည်။

**DOCA (မကွေး)**

# မကွေးတိုင်းဒေသကြီး၌ ဖရဲစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များစွာရရှိ

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကမ်းရင်ကျေးရွာ၌ ဖရဲသီးနှံကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး မိုးရေသောက်စနစ်နှင့် မြေအောက်ရေသွင်းစနစ်ဟူ၍ တစ်နှစ်လျှင် နှစ်ကြိမ်စိုက်ပျိုးကြကြောင်း၊ ဖရဲသီးနှံကို ယခင်နှစ်က ဧက ၇၀ ခန့် စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၁၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မျိုးအနေဖြင့် ဖရဲ–855 အလုံးကြီးမျိုးစေ့တစ်ထုပ်လျှင် ငွေကျပ် ၃၆၀၀၀–၄၂၀၀၀ နှင့် ဘာဟူဘာလီ (ဒုံးကျည်) မျိုးစေ့တစ်ထုပ်လျှင် ငွေကျပ် ၃၂၀၀၀–၃၅၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးကြပြီး စိုက်ပျိုးရာတွင် မြေပြုပြင်၍ တန်းကြား ငါးပေ၊ ကျင်းကြား သုံးပေခြားပြီး စိုက်ပျိုးရကြောင်း၊ တစ်ဧကလျှင် ဖရဲ–855 မျိုးစေ့ ၄ ထုပ်ခန့်နှင့် ဘာဟူဘာလီ (ဒုံးကျည်) မျိုးစေ့ ငါးထုပ်ခန့် စိုက်ပျိုးရကြောင်း၊ ဖရဲသီးနှံကို မိုးရေသောက်စနစ်ဖြင့် မေလကုန်တွင် စတင်စိုက်ပျိုးပြီး ဩဂုတ်လတွင် ခူးဆွတ်ရောင်းချရကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ ထွန်ယက်ခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀၀ ကျော်ကုန်ကျကြောင်း၊ အထွက်နှုန်းမှာ ဖရဲ–855 မျိုးတစ်ဧကလျှင် အလုံးရေ ၁၀၀၀ ခန့်နှင့် ဘာဟူဘာလီ(ဒုံးကျည်)မျိုး တစ်ဧကလျှင် အလုံးရေ ၁၃၀၀–၁၅၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဩဂုတ်လ စတုတ္ထပတ်တွင် ဖရဲသီး အလုံးအကြီးအသေးအပေါ် မူတည်၍ လက်ကားဈေး ဖရဲ–855 (အကြီး) တစ်လုံးလျှင် ငွေကျပ် ၂၇၀၀၊ အသေးတစ်လုံးလျှင် ငွေကျပ် ၂၅၀၀ ဖြင့်လည်းကောင်း၊ ဘာဟူဘာလီ(ဒုံးကျည်) (အကြီး) တစ်လုံးလျှင် ငွေကျပ် ၁၈၀၀၊ အသေးတစ်လုံးလျှင် ငွေကျပ် ၁၅၀၀ ဖြင့်လည်းကောင်း ရောင်းချရပြီး ဖရဲစိုက် တောင်သူများအနေဖြင့် ဖရဲ–855 မျိုး တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀၀ ခန့်၊ ဘာဟူဘာလီ (ဒုံးကျည်)မျိုး တစ်ဧကလျှင် ငွေကျပ် ၂၂၀၀၀၀၀ ခန့် အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေး၊ မင်းဘူး၊ စကု၊ ရေနံချောင်းမြို့တို့အပြင် ရန်ကုန်မြို့သို့လည်း တင်ပို့ရောင်းချကြောင်း၊ ဖရဲသီးနှံ စိုက်ပျိုးရာတွင် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်များ ပိုမိုရရှိသောကြောင့် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်းလည်း သိရှိရသည်။

**DOCA (မကွေး)**

# မအူပင်မြို့ ငါးရှဉ့်ဈေးနှုန်းဈေးကွက်

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ကျေးရွာအုပ်စု ၇၆ အုပ်စုရှိသည့်အနက် ရေလဲ၊ ရွှေတောင်မော်၊ စစ်ချောင်း၊ နတ်စဉ်၊ ငါးဖားအိုင် စသည့် ကျေးရွာအုပ်စုများသည် ချောင်းမြောင်း၊ အင်းအိုင်နှင့် ကွင်းရေများပေါများသည့်အတွက် ငါးရှဉ့်များ ဖမ်းယူရရှိပြီး မအူပင်မြို့ ငါးရှဉ့်ရောင်းဝယ်ရေးဒိုင်သို့ တစ်နှစ်ပတ်လုံးဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဆောင်းတွင်းကာလနှင့် မိုးတွင်းကာလများတွင် ငါးရှဉ့်ဝင်ရောက်မှုပိုမိုများပြားပြီး တန်ခူးလနှင့် ကဆုန်လများတွင် ငါးရှဉ့်ဝင်ရောက်မှုနည်းပါးသော်လည်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

မအူပင်မြို့ ငါးရှဉ့်ရောင်းဝယ်ရေးဒိုင်သို့ တစ်ရက်လျှင် အနည်းဆုံးပိဿာချိန် ၅၀ မှ အများဆုံး ပိဿာချိန် ၂၀၀ အထိ ဝင်ရောက်၍ တစ်လလျှင် ပိဿာချိန် ၆၀၀၀ ခန့် ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်နှစ်များက ငါးရှဉ့်ကို အကောင်အကြီးအသေးအပေါ် မူတည်၍ ဝယ်ယူပြီး ယခုနှစ်တွင် အကောင်အကြီးအသေး ခွဲခြားမှုမရှိဘဲ ဩဂုတ်လ တတိယပတ်တွင် ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀–၁၅၀၀၀ ဖြင့် ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ နှုန်းဖြင့် တင်ပို့ရောင်းချကြောင်း သိရှိရသည်။

**DOCA (ဧရာဝတီ)**

## ၂၈–၈–၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၂၀၀၀ | – | ၁၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၇၅၀၀ | ၁၆၀၀၀ | ၁၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၀၀၀ | ၂၀၀၀၀ | – | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၂၅၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၇၃၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၆၉၅၀ | ၁၄၀၀၀ | ၂၈၀၀ | ၁၇၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၁၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၅ | မော်လမြိုင် | ၃၄၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၆၈၉၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၁၀၀ | ၁၈၅၀၀ | ၆၉၇၀ | ၁၅၀၀၀ | ၃၄၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၂၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၇၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၈၀၀ | ၁၁၅၀၀ | ၇၅၀၀ | ၇၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၂၀၀၀၀ | ၆၇၇၅ | ၁၀၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၆၀၀၀ | ၂၅၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၂၂၀၀၀ | – | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၆၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၈၅၀၀ | ၇၃၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၃၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၃၆၅ | ၁၂၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၉၀၀၀ | ၇၃၀၀ | ၉၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၆၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၃၀၀ | ၅၀၅၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၄ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ၁၈၅၀၀ | ၇၂၀၀ | ၁၀၅၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၉၀၀၀ | ၇၂၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၀၀၀ | ၈၅၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၉၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ၁၉၀၀၀ | ၇၂၃၅ | ၁၁၅၀၀ | ၂၆၀၀ | ၁၃၈၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၅၈၀၀ | ၅၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ၁၉၅၀၀ | ၇၂၃၅ | ၁၂၀၀၀ | ၂၈၀၀ | ၁၄၄၀၀ | ၂၃၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၄၀၀ | ၅၅၀၀ | ၁၂၆၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၆၅၀၀ | ၁၄၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၉၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၁၆၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ကွန်ပျူတာပညာရပ်ကို တတ်မြောက်ထားခြင်းဖြင့် နယ်ပယ်များစွာတွင် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်

**မကွေး ဩဂုတ် ၂၈**

အခြေခံရုံးလုပ်ငန်းများ အချိန်မီပြီးမြောက်နိုင်ရေးအတွက် ကွန်ပျူတာကျွမ်းကျင်မှုမရှိသေးသည့် ဝန်ထမ်းများအား ကျွမ်းကျင်မှုရှိစေရန်ရည်ရွယ်၍ e-Government ကွန်ပျူတာအခြေခံသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးမြို့နယ် စုပေါင်းရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအနေဖြင့် ကွန်ပျူတာပညာရပ်များကို လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်တဲ့အထိ ကြိုးစားသင်ယူကြစေလိုကြောင်း၊ ကွန်ပျူတာပညာရပ်များကို တတ်မြောက်ထားခြင်းဖြင့် နယ်ပယ်များစွာတွင် ဖွံ့ဖြိုးတိုးတက်မှုကို သိသိသာသာ အထောက်အကူဖြစ်စေပြီး အလုပ်အများစုကို စွမ်းဆောင်ရည်တိုးမြှင့်စွာ ပြီးမြောက်နိုင်ကြောင်း၊ ဒေတာ၊ သတင်းအချက်အလက်နှင့် မာလ်တီမီဒီယာကို လွယ်ကူပြီး လက်လှမ်းမီသော နည်းလမ်းများဖြင့် ဖလှယ်နိုင်သည့်အပြင် ထိရောက်သော စီမံခန့်ခွဲမှုအတွက် မရှိမဖြစ်လိုအပ်သော ကိုယ်ရေးကိုယ်တာကိစ္စရပ်များ၊ လုပ်ငန်းများ၊ အများပြည်သူဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သည့် အချက်အလက်များစွာကို သိမ်းဆည်းထားနိုင်မည် ဖြစ်သည့်အပြင် အွန်လိုင်းပညာရေးနှင့် အွန်လိုင်းစီးပွားရေးတို့ကို ဖွင့်ပေးထားပြီး အကောင့်နှင့်စာရင်းကိုင်ခြင်း အပါအဝင် စီးပွားရေးနှင့်ဝန်ဆောင်မှုများ ပတ်သက်သည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်သောကြောင့် ကွန်ပျူတာပညာရပ်ဟာ တတ်မြောက်ထားသင့်သည့် ပညာရပ်တစ်ခုဖြစ်ပါကြောင်း၊ ယနေ့ ဖွင့်လှစ်ပေးတဲ့ e-Government အခြေခံ ရုံးလုပ်ငန်း ကွန်ပျူတာသင်တန်းကို တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအနေဖြင့် သင်ကြားပို့ချမည့် ကွန်ပျူတာပညာရပ်များနှင့် မိမိတို့၏ ရုံးလုပ်ငန်းများကို အချိန်မီပြီးစီးရန်၊ တိကျမှန်ကန်ရန် အပြင် ရုံးပိုင်းဆိုင်ရာ လျှို့ဝှက်သင့်သည့် ကိစ္စရပ်များ အပေါ်တွင်လည်း သစ္စာရှိရှိ ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးမင်းသန်းက သင်တန်းတွင် ပို့ချမည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်ရာ သင်တန်းသားနှစ်ဦးက လက်ခံရယူခဲ့သည်။



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် e-Government ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲ၌ တက်ရောက်အမှာစကား ပြောကြားစဉ်။

အဆိုပါသင်တန်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၆၀ အား သင်တန်းနည်းပြများက ကွန်ပျူတာဖြင့် အခြေခံရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Word၊ Excel၊ Power point Application များအပြင် Website များ အသုံးပြုပုံပြုနည်းနှင့် သတင်းအချက်အလက်များကို Website တွင် Upload ပြုလုပ်ခြင်းဆိုင်ရာများကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း Section နှစ်ခုခွဲ၍ နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# ပြည်သူများ၏ လိုအပ်သည့်ကိစ္စရပ်များကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ပြည်သူ့ဝန်ဆောင်မှုရုံးကို ဖွင့်လှစ်ပေးထားခြင်းဖြစ်

**လှိုင်ကော် ဩဂုတ် ၂၈**

ကယားပြည်နယ်အစိုးရ အဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၇ ရက်က လှိုင်ကော်မြို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် ပြည်သူ့ ဝန်ဆောင်မှုရုံး (OSS) ဖွင့်လှစ်ထားရှိမှု၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းနှင့် ရွှေတောင်ပရိယတ္တိ စာသင်တိုက်တို့၌ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လှိုင်ကော်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ဖွင့်လှစ်ထားရှိသည့် ပြည်သူ့ဝန်ဆောင်မှုရုံးသို့ သွားရောက်ကာ ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ယခင် ဌာနဆိုင်ရာရုံးများ ပိတ်ထားခဲ့ရာမှ ယခုအခါ ပြည်သူများ၏ လိုအပ်သည့် ကိစ္စရပ်များကို တစ်နေရာတည်း ဆောင်ရွက်ပေးနိုင်ရန်နှင့် ပြည်သူများနှင့် ဌာနဆိုင်ရာများ ဆက်သွယ်ရာတွင် လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ပြည်သူ့ဝန်ဆောင်မှုရုံးကို ဖွင့်လှစ်ပေးထားခြင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ဌာနဆိုင်ရာများနှင့်ဆောင်ရွက်ရမည့် လုပ်ငန်းလိုအပ်ချက်များကို လာရောက်စုံစမ်းမေးမြန်းနိုင်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း လာရောက်စုံစမ်းသည့် ပြည်သူများအား သေချာရှင်းလင်း ညွှန်ပြပေးရန်၊ ကူညီဆောင်ရွက်ပေးရန် လိုအပ်သော လုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ အမြန်ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ရေး တို့ကို မှာကြားခဲ့သည်။

ထို့နောက် ရုံးအတွင်းဖွင့်လှစ်ထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်နိုင်(၃)က၊ နိုင်(၆)ကများ ထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူထုတ်ပေးခြင်း၊ မွေးဖွားမှု၊ သေဆုံးမှု ဆောင်ရွက်ပေးခြင်း၊ မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည့် ပုံစံ(၁၀၅)၊ (၁၀၆)ရေးကူးခြင်း၊ လယ်ယာမြေလုပ်ကိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) လျှောက်ထားခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများထုတ်ပေးခြင်း၊ ရဲအရေးပိုင်သောအမှုများ လက်ခံပြီး အမှုဖွင့်လှစ်နိုင်ရေး ရဲစခန်းသို့ လမ်းညွှန်ဆောင်ရွက်ပေးခြင်း အပါအဝင် ဌာန ၁၁ ခုမှ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှု၍ လုပ်ငန်း ဆောင်ရွက်ချက်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ရေး၊ ပြည်သူ့ဝန်ဆောင်မှု ရုံးအတွင်း ဖွင့်လှစ်ထားသည့် ဌာနများအပြင် လိုအပ်ပါက အခြားဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပြီးပြတ်အောင် ဆောင်ရွက် ပေးနိုင်ရေးတို့ကို မှာကြားခဲ့သည်။

ယင်းနောက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ ရုံးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းနှင့် ရွှေတောင်ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ အကြမ်းဖက် သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်ကြောင့် ပျက်စီးခဲ့သည့် ပြည်နယ်သံဃနာယက ရုံးအဖွဲ့ အဆောက်အအုံ၊ အောင်မြင်ဓမ္မာရုံနှင့် စာသင်ဆောင်များ၊ သာသနရုံသိကျောင်းဆောင်၊ ရွှေရတုကျောင်းဆောင်နှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှုနှင့် ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စာသင်တိုက်များရှိ စာသင်သံဃာတော်များ ပြန်လည်သီတင်းသုံးနိုင်ရေးအတွက် အမြန်ဆုံးပြီးစီးအောင် ပြုပြင်မွမ်းမံ ဆောင်ရွက်နိုင်ရေး တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ် မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်းကို ကတ္တရာလမ်းခင်းကျင်း

**မိတ္ထီလာ ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်း ကတ္တရာလမ်း ခင်းခြင်းကို ဆောင်ရွက်လျက်ရှိရာ အဆိုပါ ဆောင်ရွက်မှုပြီးစီးပါက မုန်ပင်ဆည်၊ ပျော်ကုန်း၊ အုတ်ဖို၊ ကန်တောင်၊ ထနောင်းတောကျေးရွာများမှ ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်သည်။

အဆိုပါ ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအား မန္တလေးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများသည်ဩဂုတ် ၂၇ ရက်က ကွင်းဆင်း စစ်ဆေးခဲ့သည်။

ကတ္တရာလမ်း ခင်းခြင်းကို မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေသန်း ၁၆၉ ဒသမ ၂၆၀ ဖြင့် မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်း အရှည် (၀/၄) မိုင် အကျယ် ၁၂ ပေ၊ ထု ၁၅ လက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မေ ၂၁ ရက်မှစတင်၍ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ချောက်မြို့၌ အိုင်အိုဒင်းဆားရောင်းချမှုစစ်ဆေးအသိပညာပေးခြင်းများ ဆောင်ရွက်

**ချောက် ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ အိုင်အိုဒင်းချို့တဲ့မှုကြောင့် ဖြစ်ပွားသောရောဂါများ ပပျောက်ရေးလှုပ်ရှားမှုအဖြစ် အိုင်အိုဒင်းဆားရောင်းချမှု၊ အရည်အသွေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ဩဂုတ် ၂၇ ရက်က ချောက်မြို့ဈေးအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အသိပညာပေးခြင်းများ ဆောင်ရွက်**

ထိုသို့စစ်ဆေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်/မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ချောက်မြို့မဈေးအတွင်း အိမ်သုံးဆားရောင်းချသောဈေးဆိုင်များတွင် ဆားသိုလှောင်သိမ်းဆည်းရောင်းချမှုအနေအထား၊ အိမ်သုံးဆားတွင် အိုင်အိုဒင်းပါဝင်မှုများကို စစ်ဆေးခဲ့ကြပြီး အိုင်အိုဒင်းဓာတ်လေလွင့်ဆုံးရှုံးမှုမရှိရေး လုံခြုံစွာ ဖုံးအုပ်အသုံးပြုရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ကလေးများ ဉာဏ်ရည်မြင့်မားမှုရှိစေရေး စားသုံးသောအစာတွင် အိုင်အိုဒင်းဓာတ်ပြည့်ဝစွာပါဝင်မှု အရေးကြီးကြောင်း ကွင်းဆင်းစစ်ဆေးမှုနှင့်အတူ အသိပညာပေးခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

# လှာကဒေါင်ရေလျှံကွင်းအတွင်း ငါးသားပေါက် ကောင်ရေတစ်သိန်းနှစ်သောင်းကို ငါးမျိုးစိုက်ထည့်

**ဘားအံ ဩဂုတ် ၂၈**

ကရင်ပြည်နယ်အတွင်း ငါးစားသုံးမှုဖူလုံပိုလျှံရေး၊ ငါးသယံဇာတများရေရှည်တည်တံ့ရေး၊ ကျေးလက်နေပြည်သူများ ငါးရိက္ခာကို ပိုမိုစားသုံးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်ရေးတို့ကို ရည်ရွယ်၍ သဘာဝမြစ်ချောင်းအင်းအိုင်ဆည်တမံများအတွင်း ငါးမျိုးများစိုက်ထည့်လျက်ရှိရာ ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာ လှာကဒေါင်ရေလျှံကွင်းအတွင်း ရှင်သန်ကြီးထွားရန်အကောင်းဆုံးအရွယ်ရှိသည့် ငါးသားပေါက်ကောင်ရေ တစ်သိန်းနှစ်သောင်းကို ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(ယာပုံ)**



ငါးမျိုးစိုက်ထည့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် တက်ရောက်လာသော လှာကဒေါင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ရှင်သန်ကြီးထွားရန် အကောင်းဆုံးအရွယ်ရှိသော နှစ်လက်မအောက်ခံအရွယ်ရှိ ငါးမြစ်ချင်းကောင်ရေ ငါးသောင်းနှင့် ငါးခုံးမကြီးကောင်ရေ ခုနစ်သောင်း စုစုပေါင်းငါးကောင်ရေ တစ်သိန်းနှစ်သောင်းကို လှာကဒေါင်ရေလျှံကွင်းအတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။

ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီအတွင်း ဘားအံငါးလုပ်ငန်းစခန်းနှင့် ကျုံဒိုးငါးလုပ်ငန်းစခန်းတို့မှ ရှင်သန်ကြီးထွားရန်အကောင်းဆုံးအရွယ်ရှိသော ငါးသားပေါက်ကောင်ရေခုနစ်သိန်းနှစ်သောင်းကျော်ကို ထုတ်လုပ်၍ ငါးမျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ပြီး ယခုအခါ ငါးမျိုးစိုက်ထည့်ပွဲ ငါးကြိမ်ဖြင့် ငါးသားပေါက်ကောင်ရေ ၅၀၀၀၀၀ ကျော်ကို သဘာဝရေပြင်မြစ်ချောင်းအင်းအိုင်များအတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်ကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ဆက်လက်၍ ကရင်ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံပိုလျှံရေးနှင့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပြည်နယ်စိုက်ပျိုးရေးတိုးတက်မြင့်မားရေးကြီးကြပ်မှုအဖွဲ့၏(၃/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုနှစ်တွင် ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် စိုက်ပျိုးပြီး မိုးစပါးဧက ၁၃၀၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ရပြီး ဧက ၁၂၀၀၀ ကျော် ပြန်လည်စိုက်ပျိုးပြီးဖြစ်ကာ ဘားအံမြို့နယ်တွင် အများဆုံးနှင့်ထိခိုက်ဧက ၃၀၀၀၀ ကျော်အား အထွက်နှုန်းလျော့ကျမှုမရှိစေရေးကုစားမှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တောင်သူများ၏ တင်ပြချက်အရ မျိုးစပါးလိုအပ်ချက်များ ရှိနေပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကာ သီးထပ်စွမ်းအားတိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံချက်များရေးဆွဲတင်ပြပေးကြစေလိုကြောင်း၊ လယ်ယာမြေကို အနားမပေးဘဲ တစ်နှစ်ပတ်လုံး တိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းပြည့်မီကျော်လွန်ရေး ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးတိုးတက်မြင့်မားရေးကြီးကြပ်မှုအဖွဲ့ဝင်များက ယခင်အပတ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသော ပြည်နယ်အဆင့်ဌာနဆိုင်ရာများက သီးနှံအလိုက် စံပြကွက်/စမ်းသပ်ကွက်ဆောင်ရွက်နေမှုအခြေအနေ၊ အထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ မျိုးစပါးများဖြန့်ဖြူးထားရှိမှု၊ ဆောင်းနေကြာစိုက်ပျိုးရန် မျိုးစေ့စုဆောင်းထားရှိမှုနှင့် မျိုးလိုအပ်ချက်၊ တောင်သူများအား ထောက်ပံ့ပေးထားမှုအခြေအနေများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာ ခရိုင်များအလိုက် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးပြီးစီးမှု၊ ရေကြီးနစ်မြုပ်မိုးစပါးများ ပြန်လည်စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသူများက ပြည်နယ်စိုက်ပျိုးရေးတိုးတက်မြင့်မားရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ယူနန်ပြည်နယ်နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ ပွင့်လင်းမြင်သာစွာတည်ဆောက်ရေးနှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့သို့ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ဩဂုတ် ၂၈ ရက်မှ ၂၉ ရက်အထိကျင်းပမည့် ယူနန်ပြည်နယ်နှင့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ “The Belt and Road Initiative” ၏ ပွင့်လင်းမြင်သာစွာ တည်ဆောက်ရေး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ဦးဇော်ဝင်း၊ ဦးစောဂျက်ကော့ထူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပမည့် ယူနန်ပြည်နယ်နှင့် အရှေ့တောင်အာရှ နိုင်ငံများဆိုင်ရာ “The Belt and Road Initiative” ၏ ပွင့်လင်းမြင်သာစွာ တည်ဆောက်ရေး နှီးနှောဖလှယ်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဦးဆောင်၍ အဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦး၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီဌာနခွဲမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းထက်တို့ လိုက်ပါသွားကြသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲ၌ ဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် အရှေ့တောင်အာရှနိုင်ငံများနှင့် နိုင်ငံတကာ ကူးလူးဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန်၊ စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရန်၊ အဂတိလိုက်စားမှုဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်၊ နယ်စပ်ဖြတ်ကျော် အဂတိလိုက်စားမှုကို တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်သော အစီအမံများ ဆောင်ရွက်ရန်တို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး (မြန်/ဆက်)**

# ကျိုက်မရောတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပ

**ကျိုက်မရော ဩဂုတ် ၂၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ကျောင်းသား ကျောင်းသူများအား ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများကို သိရှိလိုက်နာတတ်စေရန် ရည်ရွယ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၉နာရီက အ.ထ.က ခွဲ (ကျိုက်မရော) ကျောင်းခန်းမ၌ ပြုလုပ်သည်။



ဟောပြောပွဲတွင် ကျိုက်မရောမြို့နယ်ပညာရေးမှူး ဒေါ်စုစုဌေးက အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးနော်ခမ်းက ကျောင်းသားကျောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ပတ်သက်၍ ငယ်စဉ်ကပင် သိရှိလိုက်နာကြရန် အထူးအရေးကြီးကြောင်း၊ မိမိတို့အတွက် အသက်အန္တရာယ် ကင်းရှင်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ယာဉ်အန္တရာယ်၊လမ်းအန္တရာယ် ကင်းရှင်းရေးကို အထူးဂရုစိုက်၍ လိုက်နာရန် လိုအပ်ကြောင်း၊ ယာဉ်အန္တရာယ် ကင်းရှင်းစွာ စက်ဘီး၊ ဆိုင်ကယ်၊ ကား စသည်တို့ကို မောင်းနှင်နိုင်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေများကို ရုပ်ပုံကားချပ်များ၊ နံရံကပ်စာစောင်များ၊ Power Point များဖြင့် ပြသ၍ ဟောပြောခဲ့ကြောင်း သိရသည်။ ဟောပြောပွဲသို့ အ.ထ.က (ခွဲ) ကျိုက်မရောကျောင်းမှ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်းအင်အား ၁၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(မြန်/ဆက်)**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **မိုး/ဇလ**

# အရှေ့အလယ်ပိုင်းတင်းမာမှုများ မြင့်တက်လာမှုကို ရှောင်ရှားရန် အီရန်ကို ဂျပန် တောင်းဆို

**တိုကျို ဩဂုတ် ၂၈**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမီကာဝါယိုကိုသည် အရှေ့အလယ်ပိုင်းတွင် နောက်ထပ်တင်းမာမှုများ ရှောင်ရှားနိုင်ရေးအတွက် သံတမန်ရေးရာ ကြိုးပမ်းအားထုတ်မှုများကို လုပ်ဆောင်ရန် အီရန်နိုင်ငံကို တောင်းဆိုလိုက်သည်။

ကာမီကာဝါယိုကိုနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး အက်ဘာ့စ် အရာဖ်ချီတို့သည် ဗုဒ္ဓဟူးနေ့တွင် နာရီဝက်ခန့်ကြာ တယ်လီဖုန်းမှတစ်ဆင့် ပြောဆိုဆွေးနွေးခဲ့ကြသည်။ အီရန်နိုင်ငံသည် ဇူလိုင်လက မြို့တော် တီဟီရန်တွင် ဟားမားစ်နိုင်ငံရေး ခေါင်းဆောင် အစ္စမေးလ် ဟာနီယေး လုပ်ကြံခံရမှုနှင့်ပတ်သက်ပြီး အစ္စရေးကို လက်တုံ့ပြန်လိုကြောင်း ထုတ်ပြန်ကြေညာထားသည်။

သို့သော်လည်း ဂါဇာကမ်းမြောင်တွင် အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်ပြီး အစ္စရေးနှင့် ဟားမားစ်ကြား ဆွေးနွေးမှုများ မည်သို့တိုးတက်မှု ရှိမည်လဲဆိုသည်ကို သတိထားစောင့်ကြည့်ပြီးနောက် လက်တုံ့ပြန်မည့်အချိန်နှင့် နည်းလမ်းကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အရိပ်အမြွက်ပြောကြားထားသည်။

ကာမီကာဝါက လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအဖွဲ့အပါအဝင် ၎င်းတို့ လွှမ်းမိုးမှုရှိသော အဖွဲ့များကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ကြရန် တိုက်တွန်းပေးရေးနှင့် ပတ်သက်ပြီးလည်း အီရန်နိုင်ငံကို တောင်းဆိုထားသည်။ **အင်န်အိတ်ချ်ကေ**



## ဂါဇာဒေသ၌ ဓားစာခံတစ်ဦးကို အစ္စရေးတပ်ဖွဲ့ဝင်များ ကယ်တင်

**ဂါဇာ ဩဂုတ် ၂၈**

အစ္စရေးတပ်မတော်သည် အံ့ဖွယ်ဖြစ်ရပ်ဟု ချီးကျူးခံထားရသည့် စစ်ဆင်ရေးတစ်ခုကို လုပ်ဆောင်ခဲ့ရာ ဩဂုတ် ၂၇ ရက်တွင် ဂါဇာဒေသ ၌ ၁၀ လကျော်ကြာ ဖမ်းဆီးခံထားရသော ဓားစာခံတစ်ဦးကို ကယ်တင်နိုင်ခဲ့သည်။

အဆိုပါအမျိုးသားမှာ အသက် ၅၂ နှစ်အရွယ် ကိတ်ဖာဟန် အယ်ကာဒီဆိုသူ ဖြစ်သည်ဟု ကာကွယ်ရေးအရာရှိများက ပြောသည်။ ၎င်းကို ဟားမားစ်တို့၏ လိုဏ်ခေါင်းတစ်ခုအတွင်း အမှတ်မထင် တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဟာရတ်သတင်းစာတွင် ဖော်ပြထားသည်။

၎င်းလွတ်မြောက်လာသည့်အတွက် ၎င်း၏ မိသားစုဝင်များမှာ အလွန်ပျော်ရွှင်နေကြသည်။ ကိတ်ဖာ ဟန်အယ်ကာဒီမှာ ဆိုးရွားသည့် အခြေအနေအောက်တွင် နေထိုင်ခဲ့ရပြီး လပေါင်းများစွာ နေရောင်မမြင်ခဲ့ရပေ။ ယခုအခါ အလင်းရောင်ကို ကြည့်ရန် ကြိုးပမ်းနေရသည်။

ကယ်ဆယ်ရေးလုပ်ငန်းအပြီးတွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက သတင်းထုတ်ပြန်ခဲ့သည်။ ဓားစာခံများအားလုံးပြန်လည်လွတ်မြောက်ရေးအတွက် မဆုတ်မနစ် ကြိုးပမ်းနေကြောင်း အစ္စရေးဝန်ကြီးချုပ်က ပြောသည်။

စေ့စပ်ညှိနှိုင်းမှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း၊ ဟားမားစ်တို့အား စစ်ရေးအရ ဖိအားများပေးထားနိုင်ရန် လိုအပ်ကြောင်း ၎င်းက ဆက်ပြောသည်။

**အင်န်အိတ်ချ်ကေ**



ဓားစာခံအဖြစ်မှ လွတ်မြောက်လာသည့် ကိတ်ဖာဟန် အယ်ကာဒီကို အစ္စရေးနိုင်ငံတောင်ပိုင်းဆေးရုံ၌ တွေ့ရစဉ်။

## ကွန်ဂိုနိုင်ငံ၌ မျောက်ကျောက်ရောဂါကြောင့် လူပေါင်း ၆၁၀ သေဆုံး

**ကင်ရှာဆာ ဩဂုတ် ၂၈**

မျောက်ကျောက်ရောဂါ ကူးစက်မှုဖြစ်ပွားနေသည့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဒီအာကွန်ဂို)တွင် ကူးစက်မှုပေါင်း ၁၇၈၀၁ ဦးရှိပြီး သေဆုံးသူ ၆၁၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီး ရိုဂါကမ်ဘာက ဩဂုတ် ၂၇ ရက်တွင် ပြောသည်။

စက်တင်ဘာလအစောပိုင်း လာမည့်စာသင်နှစ်တွင် ကာကွယ်ရေးနည်းလမ်းများကို ပြည်သူများလိုက်နာကြရန် ကျန်းမာရေးဝန်ကြီးက တိုက်တွန်းခဲ့သည်။ ထို့ပြင် ကာကွယ်ဆေးရသည်နှင့် တစ်ပြိုင်နက် ကာကွယ်ဆေးထိုးနှံကြရန်လည်း ၎င်းကတိုက်တွန်းခဲ့သည်။ ရောဂါကူးစက်ခံထားရသည်ဟု သံသယရှိသူများမှာ ပဋိပက္ခဖြစ်ပွားရာ ပြည်နယ်များမှဖြစ်ပြီး နိုင်ငံအတွင်း ၇ ဒသမ ၃ သန်းသော ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများကို လက်ခံထားရာ ပြည်နယ်များတွင်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ဒေသတွင်းနှင့် နိုင်ငံတကာ အဆင့်များ ညှိနှိုင်းမှုမှတစ်ဆင့် မျောက်ကျောက်ရောဂါ ကူးစက်မှု အဆုံးသတ်စေရေး တစ်ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာပြင်ဆင်မှုနှင့် တုံ့ပြန်မှုအစီအစဉ်ကို ဩဂုတ် ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားသူ နှစ်ဦး ထပ်မံတွေ့ရှိ

**မနီလာ ဩဂုတ် ၂၈**

ဖိလစ်ပိုင်နိုင်ငံတွင် မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားသူ နှစ်ဦး ထပ်မံတွေ့ရှိသည့်အတွက် ရောဂါကူးစက်ဖြစ်ပွားဆဲ လူနာငါးဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

ရောဂါထပ်မံကူးစက်ခံရသူများမှာ မနီလာမြို့မှ အသက် ၂၆ နှစ်အရွယ် အမျိုးသမီးနှင့် မနီလာမြို့ တောင်ဘက်ဒေသမှ အသက် ၁၂ နှစ်အရွယ် အမျိုးသားတို့ဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီး ဟာဆိုဆာက ပြောသည်။ ၎င်းတို့နှစ်ဦးစလုံးမှာ ပြန်လည်ကောင်းမွန်လာကြပြီဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဌာနက အစောပိုင်းအစီရင်ခံ ဖော်ပြခဲ့သော မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားသူ သုံးဦးကဲ့သို့ပင် ထပ်မံကူးစက်ခံရသည့် လူနာများမှာလည်း ရောဂါပြင်းထန်ခြင်းမရှိသော MPXV အုပ်စု ၂ ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ဖိလစ်ပိုင်နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားသူ ထပ်မံတွေ့ရှိသည့်အတွက် ၂၀၂၂ ခုနှစ် ဇူလိုင်လနောက်ပိုင်း မျောက်ကျောက်ရောဂါ ဖြစ်ပွားသူပေါင်း



၁၄ ဦးအထိ ရှိလာပြီဖြစ်သည်။ ကျန်းမာရေးဌာနသည် ကူးစက်ဖြစ်ပွားဆဲ လူနာများနှင့် အနီးကပ်ထိတွေ့ဆက်ဆံသူများကို ခြေရာခံလိုက်နေကြောင်း သိရသည်။ **ဆင်ဟွာ**

## ယီမင်နိုင်ငံ၌ ရုတ်တရက် ရေကြီးမှုကြောင့် ၂၅ ဦးသေဆုံး

**ဆာနား ဩဂုတ် ၂၈**

ယီမင်နိုင်ငံအနောက်မြောက်ပိုင်းပြည်နယ် အယ်မာဝပ်တွင် လျှပ်တစ်ပြက်ရေကြီးမှုကြောင့် ၂၅ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဒေသခံကျန်းမာရေးဝန်ထမ်းတစ်ဦးက ဩဂုတ် ၂၈ ရက်တွင် ပြောသည်။ အယ်မာဝပ်ပြည်နယ်တွင် ၂၄ နာရီကြာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်သုံးခုကျိုးပေါက်မှုဖြစ်ခဲ့ပြီး ဩဂုတ် ၂၇ ရက်က မယ်ဟန်ခရိုင်အတွင်းရှိ နေအိမ်များ ရေစီးနှင့်အတူ မျောပါသွားခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သော်လည်း ကျေးရွာသားအချို့မှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ ယခုလအတွင်း မြောက်ပိုင်းပြည်နယ်များဖြစ်သည့် ဟူဒေဒါးနှင့် ဟာ့ဂျာ့တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုတို့ကြောင့် ၄၅ ဦး သေဆုံးကာ နေအိမ်ပေါင်း ၁၂၀၀၀ ကျော်ပျက်စီးခဲ့ရသည်ဟု ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ မသန့်ရှင်းသည့်ရေနှင့် ရေဆိုးစနစ်ညံ့ဖျင်းမှုတို့ကြောင့် ကူးစက်ရောဂါများပျံ့နှံ့လာမည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စိုးရိမ်လျက်ရှိသည်။ **ဆင်ဟွာ**

## ဂါဇာအလယ်ပိုင်းသို့ အစ္စရေးက လေကြောင်းတိုက်ခိုက် ရှစ်ဦးထက်မနည်း သေဆုံး

**ဂါဇာ ဩဂုတ် ၂၈**

ဂါဇာကမ်းမြောင် အလယ်ပိုင်း နေရပ်စွန့်လာသူများ ခိုလှုံလျက်ရှိသော စာသင်ကျောင်းတစ်ခုအနီး အစ္စရေးက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ပါလက်စတိုင်း ရှစ်ဦးထက်မနည်း သေဆုံးပြီး အခြား ဒါဇင်နှင့်ချီ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်း လုံခြုံရေးနှင့် ဆေးဘက်ဆိုင်ရာ သတင်း အရင်းအမြစ်များက ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

အစ္စရေးစစ်လေယာဉ် တစ်စင်းက ဒါးအယ်ဘလာမြို့ အရှေ့ဘက် အယ်မန်းဖာလော့တီ စာသင်ကျောင်းအနီးကို ဒုံးကျည်ဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း ပါလက်စတိုင်း သတင်းအရင်းအမြစ်များက ဆင်ဟွာသတင်းဌာနသို့ ပြောသည်။

**ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၌ ရှစ်လအတွင်း လမ်းမတော်တဆမှုများကြောင့် လူပေါင်း ၇၀၀၀ ကျော် သေဆုံး

**ဟန္နိုင်း ဩဂုတ် ၂၈**

ဗီယက်နမ်နိုင်ငံတွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်အထိ လမ်းမတော်တဆမှုပေါင်း ၁၆၀၄၃ ကြိမ် ဖြစ်ပွားခဲ့ရာ လူပေါင်း ၇၀၇၇ ဦး သေဆုံးပြီး အခြား ၁၂၄၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားယာဉ်အန္တရာယ်ကင်းရှင်းရေးကော်မတီက ပြောသည်။

လမ်းမတော်တဆဖြစ်ပွားမှု အရေအတွက်နှင့် ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်မှာ တစ်နှစ်ထက်တစ်နှစ် ၁၃ ဒသမ ၀၁ ရာခိုင်နှုန်းနှင့် ၂၉ ဒသမ ၁၄ ရာခိုင်နှုန်း အသီးသီးမြင့်တက်လာကြောင်း သိရသည်။ သို့သော်လည်း ဒေသမီဒီယာ၏ ဗုဒ္ဓဟူးနေ့ ဖော်ပြချက်တွင် သေဆုံးသူ အရေအတွက်မှာ တစ်နှစ်ထက်တစ်နှစ် ၁၀ ဒသမ ၅၆ ရာခိုင်နှုန်း ကျဆင်းလာကြောင်း ဖော်ပြထားသည်။

**ဆင်ဟွာ**

# မင်းဘူးမြို့၌ နွားနှင့်ဆိတ် မေထုန်မဲ့သားစပ်သင်တန်း အမှတ်စဉ်(၂/ ၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**မင်းဘူး ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် နွားနှင့် ဆိတ် မေထုန်မဲ့ သားစပ်သင်တန်း အမှတ်စဉ်(၂/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက်က မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်း၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်ငါးခုမှ သင်တန်းသားများ တက်ရောက်သည်။



အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီ နည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြား စီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရေးနှင့် မွေးမြူရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မွေးမြူရေး တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာ စိုက်ပျိုးမွေးမြူခြင်းမှ ခေတ်မီစိုက်ပျိုးမွေးမြူခြင်းသို့ ပြောင်းလဲကျင့်သုံးနိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်နှင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီပြီး ကြီးထွားနှုန်း ကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ မွေးမြူထုတ်လုပ်နိုင်စေရန် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ မွေးမြူရေးတောင်သူများ၏ စီးပွားရေးအဆင်ပြေစေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊ ဝက်၊ ဘဲ စသည့်မွေးမြူရေးကဏ္ဍများအတွက် ချေးငွေများကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး ထပ်မံထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းပြောကြားပြီး မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခေတ္တတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာအောင်မင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မင်းဘူးခရိုင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် နွားနှင့်ဆိတ် မေထုန်မဲ့သားစပ်သင်တန်းအမှတ်စဉ်(၂/၂၀၂၄)တွင် ခရိုင်အတွင်းမှ မွေးမြူရေးနှင့်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ဝန်ထမ်းများနှင့် ဒေသခံအခြေခံတိရစ္ဆာန် ကျန်းမာရေးလုပ်သား သင်တန်းသားများဖြင့် မင်းဘူး(စကု)မြို့နယ်မှ ၂၅ ဦး၊ ပွင့်ဖြူမြို့နယ်မှ ၂၀၊ စလင်းမြို့နယ်မှ ၂၅ ဦး၊ ငဖဲမြို့နယ်မှ ၂၀ နှင့် စေတုတ္တရာမြို့နယ်မှ ၁၃ ဦး စုစုပေါင်းသင်တန်းသား ၁၀၃ ဦး တက်ရောက်ခဲ့ကြောင်း၊ အဆိုပါသင်တန်းတွင် မေထုန်မဲ့သားစပ်လုပ်ငန်းသမိုင်း၊ အမမျိုးပွားအင်္ဂါခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒ၊ နွားမျိုးနှင့် ဆိတ်မျိုးများအကြောင်း၊ မြိုင်သံသရာနှင့် မြိုင်စစ်ဆေးခြင်း၊ မျိုးပွားမှုဆိုင်ရာရောဂါများ၊ အမမျိုးပွားအင်္ဂါ စမ်းသပ်ခြင်း၊ တိရစ္ဆာန်ကိုင်တွယ် ထိန်းချုပ်ခြင်း၊ သန္ဓေအောင်မြင်မှုကို အကျိုးသက်ရောက်စေသော အချက်များ၊ ဇီးစမ်းသပ်ခြင်း၊ မေထုန်မဲ့သားစပ်ခြင်း (လက်တွေ့)၊ မျိုးနွားမွေးမြူစောင့်ရှောက်ခြင်း၊ မျိုးပွားမှုဆိုင်ရာအာဟာရဗေဒ၊ မေထုန်မဲ့သားစပ်ကိရိယာပြင်ဆင်ခြင်းနှင့် မျိုးရည်ခဲချောင်းအား သိုလှောင်ထိန်းသိမ်းခြင်း၊ နွားမျိုးများကို မျိုးမြှင့်တင်သားစပ်ခြင်း၊ မေထုန်မဲ့သားစပ်ခြင်းဆိုင်ရာ နည်းလမ်းများနှင့် ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များ စသည့်နွားများ၊ ဆိတ်များနှင့် ပတ်သက်သော ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ဖြင့် ဩဂုတ် ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။ **မောင်မောင် (မင်းဘူး)**

# (၁၉)ကြိမ်မြောက် အာရှမီဒီယာ ထိပ်သီးညီလာခံနှင့် ဆက်စပ်အစည်းအဝေးများကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၈**

(၁၉)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးညီလာခံနှင့် ဆက်စပ်အစည်းအဝေးများ (19th Asia Media Summit & Associated Meetings) အား အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (AIBD)၏ စီစဉ်မှုဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၅ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါနှစ်စဉ်ကျင်းပသည့် အစည်းအဝေးများသို့ ပြောင်းလဲတိုးတက်နေသည့် ခေတ်နှင့်နည်းပညာများအရ လိုက်လျောညီထွေဖြစ်စေမည့် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများ ဆွေးနွေးနိုင်ရန် အာရှဒေသအစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာမီဒီယာကဏ္ဍ ဆုံးဖြတ်ပိုင်ခွင့်ရှိသူများ၊ ပညာရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ မီဒီယာကျွမ်းကျင်သူများ၊ အာရှပစိဖိတ်ဒေသတွင်းမှ ဆက်စပ်အဖွဲ့အစည်းများ တက်ရောက်ဆွေးနွေးလေ့ရှိရာ ယခု Summit သို့ အာရှ၊ ပစိဖိတ်၊ အာဖရိကနှင့် ဥရောပတို့ရှိ နိုင်ငံပေါင်း ၅၀ ကျော်မှ ဒေသဆိုင်ရာကျွမ်းကျင်သူ ၅၀၀ ကျော် တက်ရောက်မည်ဟု မျှော်မှန်းထားပြီး အာရှပစိဖိတ်ဒေသမှ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီးများလည်း တက်ရောက်ကြမည်ဖြစ်သည်။

ယခုနှစ် Summit ၏ Theme မှာ “ Media : The New Odyssey” ဖြစ်ရာ အဆိုပါ Summit တွင် ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုများနှင့် မီဒီယာနှင့် ရုပ်သံထုတ်လွှင့်မှုများတွင် AI ၏ ရှုထောင့်အမျိုးမျိုး၊ သင်ယူခြင်းနှင့် တိုးတက်မှုများအတွက် ပူးပေါင်းအားထုတ်မှုများအား ရှာဖွေဖော်ထုတ်ဆွေးနွေးကြမည်ဖြစ်ပြီး ယခုကဲ့သို့ ပြောင်းလဲမှုလျင်မြန်နေသော အချိန်များတွင် အသံအမျိုးမျိုးပါဝင်မှုများနှင့် ရရှိနိုင်မှုများမှ အရေးကြီးသည့်အချက်များအား ဆွေးနွေးဖော်ထုတ်ကြမည်ဖြစ်သည်။

အာရှ - ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (AIBD)အနေဖြင့် မဟာဗျူဟာမိတ်ဖက်များနှင့် ပူးပေါင်း၍ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် Pre-Summit Workshop ၁၀ ခု ကျင်းပမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် Summit ကို ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါ Summit အား တောင်ကိုရီးယား၊ တရုတ်၊ အိန္ဒိယ၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှား စသည့်အာရှနိုင်ငံများတွင် လှည့်လည်ကျင်းပခဲ့ရာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၂၀၁၅ ခုနှစ်တွင် နောက်ဆုံးကျင်းပခဲ့ရာမှ ယခု (၉)နှစ်အကြာတွင် ပြန်လည်ကျင်းပနိုင်မည်ဖြစ်သည်။

အာရှ - ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (AIBD)ကို ၁၉၇၇ ခုနှစ်တွင် ယူနက်စကို၏ဦးဆောင်မှုဖြင့် စတင်တည်ထောင်ခဲ့ရာ ရုပ်/သံထုတ်လွှင့်မှုနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်ရန် ကတိကဝတ်ပြုထားသောဒေသဆိုင်ရာ အစိုးရများအကြား ပူးပေါင်းဖွဲ့စည်းထားသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသတွင် တက်ကြွ၍ ညီညွတ်သောအီလက်ထရောနစ်မီဒီယာဝန်းကျင်မြှင့်တင်မှုတွင် အခရာကျသည့်အခန်းကဏ္ဍတစ်ခုကို ဆောင်ရွက်လျက်ရှိကြောင်း၊ AIBD ၏ Summit သည် လူသိများသော အထင်ကရ Event တစ်ခုဖြစ်ပြီး ချိတ်ဆက်ရန်၊ အသိပညာဗဟုသုတများ ဆွေးနွေးမျှဝေရန်နှင့် ရုပ်သံလွှင့်လုပ်ငန်းများ၏ အနာဂတ်ကို ဆွေးနွေးရန် မီဒီယာကျွမ်းကျင်သူများအတွက် အုတ်မြစ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

# ဖျာပုံပြည်သူ့ဆေးရုံကြီးတွင် သုံးမြွှာပူးမွေးဖွားသူ မိခင်အား ထောက်ပံ့

**ဖျာပုံ ဩဂုတ် ၂၈**

ဘိုကလေးမြို့နယ် သပြေကန်ကျေးရွာမှ ကိုယ်ဝန်ဆောင် အသက်(၂၄)နှစ်အရွယ် မကြည်ဝင်းသည် ဖျာပုံပြည်သူ့ဆေးရုံကြီး ခုတင်(၂၀၀)ဆေးရုံ၌ ဩဂုတ် ၂၅ ရက် နံနက် ၁ နာရီ ၌ သုံးမြွှာပူးမွေးဖွားခဲ့သဖြင့် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် ဖျာပုံပြည်သူ့ဆေးရုံကြီး သားဖွားမီးယပ်ဆောင်၌ ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ သုံးမြွှာပူးမွေးဖွားသဖြင့် ထောက်ပံ့မှုများဆောင်ရွက်တွင် ဖျာပုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာဦးနှင့် အဖွဲ့ဝင်များ၊ ဘိုကလေးမြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သွားရောက်၍ သုံးမြွှာပူးမွေးဖွားသည့် မိခင်နှင့်ကလေးများအားသွားရောက်ကြည့်ရှု၍ ထောက်ပံ့ငွေများနှင့် အာဟာရဖြည့်စွက်စာများထောက်ပံ့ရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ထောက်ပံ့ငွေ သုံးသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ငွေ တစ်သိန်း၊ ဖျာပုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ငွေ တစ်သိန်း၊ ဘိုကလေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၏ ထောက်ပံ့ငွေကျပ်တစ်သိန်းတို့အား ထောက်ပံ့ပေးသည့်အပြင် မိခင်နှင့်ကလေးများအတွက် အသုံးအဆောင်ပစ္စည်းများ၊ မိခင်အတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများအား သုံးမြွှာပူးမိခင်မကြည်ဝင်း၏ လက်ဝယ်အရောက်ပေးအပ်လှူဒါန်းသည်။

အဆိုပါကလေးသုံးမြွှာပူးအား ဩဂုတ် ၂၅ ရက် နံနက် ၁ နာရီတွင် ဖျာပုံပြည်သူ့ဆေးရုံကြီး ခုတင်(၂၀၀)ဆေးရုံ၌ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဥမ္မာမြက ခွဲစိတ်၍ မွေးဖွားခဲ့ခြင်းဖြစ်ပြီး ယခုအခြေအနေတွင် မိခင်နှင့်ကလေးများပါ ကျန်းမာရေးကောင်းမွန်ကြကြောင်း၊ ဖျာပုံပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်း၊ ဆရာဝန်များနှင့်သူနာပြု ဆရာ ဆရာမများက အထူးကြပ်မတ်ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းနိုင်**

**(ပြန်/ဆက်)**

# သရက်ထောင်တွင် အကျဉ်းသားများကို တိုက်ပိတ်၍ ငွေခြိမ်းခြောက်တောင်းပြီး မူးယစ်ဆေးဝါးရောင်းချနေဟု မဟုတ်မမှန် လုပ်ကြံရေးသား

**နေပြည်တော် ဩဂုတ် ၂၈**

သရက်ထောင်တွင် အကျဉ်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူးက အကျဉ်းသားများကို တိုက်ပိတ်၍ ငွေခြိမ်းခြောက်တောင်းပြီး မူးယစ်ဆေးဝါးရောင်းချနေဟု Khit Thit အမည်ခံ Facebook Page က ဩဂုတ် ၂၂ ရက်တွင် မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ သရက်အကျဉ်းထောင် တာဝန်ခံအရာရှိသည် အကျဉ်းထောင်ဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် မည်သည့်အကျဉ်းသားကိုမှ မတရားရိုက်နှက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ငွေကြေးတောင်းခံခြင်း မပြုလုပ်ရန် မှာကြားပြောဆို ကြပ်မတ်လျက်ရှိပြီး အကျဉ်းထောင်အတွင်းသို့ မူးယစ်ဆေးဝါး၊ တယ်လီဖုန်း စသည့်တားမြစ်ပိတ်ပင်ပစ္စည်းများ ဝင်ရောက်မှုမရှိရေးအတွက် နေ့စဉ်သာမန်ရှာဖွေခြင်း၊ အထူးရှာဖွေခြင်းများကို ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်ပူးပေါင်းကာ နှစ်ပတ်တစ်ကြိမ် အထူးရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျဉ်းထောင်အတွင်း၌ တားမြစ်ပစ္စည်းများ ရှာဖွေ သိမ်းဆည်းရမိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

**ထိရောက်စွာအရေးယူသွားမည်**

အကျဉ်းထောင်မှ ချုပ်သစ်၊ ကျသစ်များကို လက်ခံရရှိသည်နှင့် တိုက်ခန်းတွင် Quarantine ၁၄ ရက် သီးခြားထိန်းသိမ်းထားရှိပြီး သတ်မှတ်ကာလပြည့်သူများကို တာဝန်ခံအရာရှိ၏ ကြီးကြပ်မှုဖြင့် အိပ်ဆောင်များသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိပြီး ချုပ်သစ်၊ ကျသစ်များကို တိုက်ပိတ်ပြီး ခြိမ်းခြောက်၍ ငွေတောင်းခြင်းမရှိဘဲ ငွေတောင်းခံကြောင်း စစ်ဆေးပေါ်ပေါက်ပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်သည်ကို ဝန်ထမ်း၊ အကျဉ်းသားနှင့် ၎င်းတို့၏ မိသားစုများကိုလည်း အသိပေးထားပြီးဖြစ်ကြောင်း။

အကျဉ်းသားအရာရှိ အလုပ်ကြပ်အကျဉ်းသားနှင့် ညကင်းစောင့် အကျဉ်းသားများကို အကျဉ်းထောင် လက်စွဲဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးအပ်၍ ဝန်ထမ်းများအနီးကပ်ကြပ်မတ်ကွပ်ကဲစေလျက်ရှိပြီး အကျဉ်းသားများအား လက်သပ်မွေးခြင်းမျိုး မရှိကြောင်း၊ အကျဉ်းထောင်တိုင်းတွင် ပင်ပန်းသည့်အလုပ်မရှိဘဲ အကျဉ်းသားအများစုက ၎င်းတို့၏အိပ်ဆောင်၊ အခန်းနှင့် အိပ်ဆောင်ပတ်ဝန်းကျင်များ၏သန့်ရှင်းရေးကိုသာ တာဝန်ပေးအပ်စေခိုင်းပြီး မတန်တဆအလုပ်ကြမ်းခိုင်းစေခြင်းမျိုး မရှိကြောင်း။

Khit Thit အမည်ခံ Facebook Page က ဖော်ပြခဲ့သည့် လက်ထောက်ကြီးကြပ်ရေးမှူး(၁) ကျော်ဇေယျာစိုးသည် မည်သည့်အကျဉ်းသား/အချုပ်သားကိုမှ အကြောင်းမဲ့တိုက်ပိတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မတရားရိုက်နှက်ခြင်း၊ ငွေကြေးတောင်းခံခြင်းမျိုးမရှိဘဲ မူးယစ်ဆေးဝါးရောင်းချခြင်းလည်းမရှိကြောင်း အကျဉ်းထောင်တာဝန်ရှိသူထံမှ သိရသည်။

**ဟုတ်မမှန်လုပ်ကြံရေးသားထား**

သရက်အကျဉ်းထောင်တွင် အကျဉ်းထောင်၏ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အကျဉ်းထောင်အက်ဥပဒေ၊ လက်စွဲဥပဒေများနှင့်အညီ အထူးအလေးထား ဆောင်ရွက်လျက်ရှိသည့်အတွက် Khit Thit အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။

ကိုဖြိုး

## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် မဟာနှင့် ရခိုင်ယူနိုက်တက် သရေကျပြီး Junior Lions အသင်း နိုင်ပွဲရ

**ရန်ကုန် ဩဂုတ် ၂၈**

၂၀၂၄ ရာသီ MNL ယူ-၂၀ လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၃) တတိယနေ့ကို ဩဂုတ် ၂၈ ရက်က ဆက်လက်ကျင်းပရာ မဟာယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက် သရေကျပြီး Junior Lions အသင်း အနိုင်ရသည်။



မဟာယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက် ယှဉ်ပြိုင်နေစဉ်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက် တစ်ဂိုးစီသရေကျခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို ၃၄ မိနစ်တွင် နိုင်နိုင်ဝင်းက သွင်းယူပြီး မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၅၉ မိနစ်တွင် အောင်ခန့်ဖြိုးက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား အောင်ခန့်ဖြိုးက ရရှိသည်။ စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် Junior Lions အသင်းက မြဝတီအသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်း ရှုံးပွဲကြုံတွေ့မှုကို Junior Lions အသင်း အပြည့်အဝအသုံးချပြီး နှစ်မှတ်အကွာဖြင့် ဆက်လက်ဖိအားပေးလျက်ရှိသည်။ Junior Lions အသင်းအတွက် အနိုင်ဂိုးများကို ၁၉ မိနစ်တွင် ခွန်မောင်လုံးနှင့် ၂၅ မိနစ်တွင် စိုင်းစွမ်းစိုင်းက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို Junior Lions အသင်းမှ ခွန်မောင်လုံးက ရရှိသည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

## ပြင်ဦးလွင်ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်းများ ဆောင်ရွက်

**ပြင်ဦးလွင် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၂) ရှိ ရွှေစေတီဘုန်းတော်ကြီးကျောင်း၌ ယာယီတိုက်ပွဲရှောင် ပြည်သူ ၃၂၀ ကို ဩဂုတ် ၂၆ ရက်က ကွင်းဆင်း၍ ဆေးကုသခြင်းနှင့်ကျန်းမာရေး ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြင်ဦးလွင်ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် တိုက်ပွဲရှောင်ပြည်သူလူထုအား အထွေထွေရောဂါများကုသပေးခြင်း၊ မကူးစက်သောရောဂါများ ရှာဖွေကုသခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ပုံမှန်ကာကွယ်ဆေးထိုးရန် ကျန်ရှိသောကလေးများအား ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ငှက်ဖျားရောဂါရှာဖွေစစ်ဆေးကုသပေးခြင်း၊ Mpox (Monkeypox) ရောဂါအကြောင်း အသိပညာပေးဟောပြောခြင်း၊ အာဟာရဖွံ့ဖြိုးရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ မျိုးဆက်ပွားကျန်းမာရေး၊ သားဆက်ခြားနည်းအကြောင်း ကျန်းမာရေးပညာပေးခြင်း၊ ဆေးဝါးများ လှူဒါန်းပေးခြင်းနှင့် ပြည်သူ့ကျန်းမာရေးဌာန၏လုပ်ငန်းဆောင်တာများအား ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့လူသစ် (ပြန်/ဆက်)**



## ပန်းဘဲတန်းမြို့နယ် မြင်းပျံရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မြင်းပျံရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် သမဝါယမအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်က ဆောင်ရွက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အသင်းအမှုဆောင်အဖွဲ့၏အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်း၏ဒါရိုက်တာအဖွဲ့ဝင် ဒေါ်အေးအေးလှိုင်က ဖတ်ကြားတင်သွင်းခဲ့ရာ တက်ရောက်လာကြသည့် အသင်းသားများက အတည်ပြုဆွေးနွေးခဲ့သည်။

ထို့နောက် ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်းဥပဒေ၊နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစုပေါ်အမြတ်ငွေနှင့် လက်ဆောင်ပစ္စည်းများကို အသင်းသားများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

○ *ကျောဖုံးမှ*

တော်သလင်းလဆန်း ၈ ရက်မှာ ဖောင်တော်ဦး စေတီတော်မြတ်ဘုရားအနေကဇာတင်ခြင်း၊ ဘုရားအမှူးရှိသော သံဃာတော်မြတ်များကို ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း အစပြုပြီး ဆွမ်းသပိတ်လောင်းလှူပွဲ၊ မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်”ဟု အဆိုပါစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုက ပြောသည်။

အဆိုပါမိုင်းဝင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်တွင် ဆွမ်းသပိတ်လောင်းလှူပွဲ၊ မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲများအပြင် ခြင်းအလှခတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့်ပွဲဈေးတန်း ဈေးအရောင်းဆိုင်များ၊ အရောင်းပြခန်းများကို ထည့်သွင်းပြသရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။ အထူးသဖြင့် လှေပြိုင်ပွဲသည် အထက်အညာဒေသတစ်ခွင် အစည်ကားဆုံးပြိုင်ပွဲကြီးတစ်ခု ဖြစ်သည်။

**ချမ်းသာ(မိတ္ထီလာ)**

*ကျောဖုံးမှ

ပြိုင်ပွဲကို အုပ်စု နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် လက်ရှိချန်ပီယံ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ ခြေစစ်ပွဲအောင်အသင်း၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မြန်မာနှင့်လာအိုအသင်းတို့ ပါဝင်နေသည်။ ခြေစစ်ပွဲအဖြစ် တီမောနှင့် ဘရူနိုင်းအသင်းတို့ အောက်တိုဘာတွင် နှစ်ကျော့စနစ်ဖြင့် ကစားမည်ဖြစ်ပြီး အနိုင်ရသည့်အသင်းမှာ နောက်ဆုံးအဆင့် တက်လှမ်းခွင့်ရမည် ဖြစ်သည်။ အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၈ ရက်မှ ၂၁ ရက်၊ ဆီမီးဖိုင်နယ် ပထမအကျော့ကို ဒီဇင်ဘာ ၂၆၊ ၂၇ ရက်၊ ဒုတိယအကျော့ကို ဒီဇင်ဘာ ၂၉၊ ၃၀ ရက်၊ ဗိုလ်လုပွဲ ပထမအကျော့ကို ဇန်နဝါရီ ၂ ရက်၊ ဒုတိယအကျော့ကို ဇန်နဝါရီ ၅ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများ အနေဖြင့် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မြန်မာအသင်းသည် အင်ဒိုနီးရှား၊ လာအိုတို့နှင့်ပွဲများကို အိမ်ကွင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်တို့နှင့်ပွဲများကို အဝေးကွင်းကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် အိမ်ကွင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယခင်နည်းပြချုပ် ဂျာမနီနိုင်ငံသား ဖိုက်အွန်ဘိုင်နာနှင့် လမ်းခွဲထားသဖြင့် နည်းပြချုပ်သစ် ပြန်လည်ခန့်အပ်ရမည်ဖြစ်သည်။ လာမည့် Asean Cup 2024 ပြိုင်ပွဲမှာ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ်၏ ပထမဆုံးနိုင်ငံတကာပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။

**ကိုညီလေး၊ ဓာတ်ပုံ-သော်လေး**

# သတိထားရှောင်ရှားရန်လိုအပ်သော မျောက်ကျောက်ရောဂါ ကူးစက်မှုအန္တရာယ်

မောင်သောင်းဝင်း
(တမန်ဟောင်း)

၁၉၅၈ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ၌ သုတေသနပြုလုပ်ရန် မွေးမြူထားသော မျောက်များ၌ မျောက်ကျောက်ရောဂါ(Mpox)ကို ပထမဆုံး တွေ့ရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကိုးလအရွယ် ယောက်ျားလေးတစ်ဦးတွင် မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို စတင်တွေ့ရှိခဲ့သည်။ မျောက်ကျောက်ရောဂါသည် လူအချင်းချင်းသော်လည်းကောင်း၊ တိရစ္ဆာန်မှ လူသို့လည်းကောင်း ကူးစက်ပျံ့နှံ့နိုင်သည်။ ထို့နောက် မျောက်ကျောက်ရောဂါသည် ဗဟို အာဖရိက၊ အရှေ့နှင့် အနောက်အာဖရိကတို့တွင် တဖြည်းဖြည်းကူးစက်ပျံ့နှံ့လာခဲ့ရာ ၂၀၂၂–၂၀၂၃ ခုနှစ်တွင် တစ်ကမ္ဘာလုံးသို့ ကူးစက်ပျံ့နှံ့လာခဲ့သည်။ မျောက်ကျောက်ရောဂါပိုး အစပျိုးဖြစ်စဉ်နေရာကို အတိအကျမသိရှိရသော်လည်း ရှဉ့်နှင့်မျောက်ကဲ့သို့သော နို့တိုက်သတ္တဝါများတွင် တွေ့ရှိနိုင်သည်ဟု သိရသည်။




### နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် ကမ္ဘာတစ်ဝန်း မျောက်ကျောက်ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။ ထို့နောက် ဖြစ်ပွားမှုကျဆင်းလာသည့်အတွက် ၂၀၂၃ ခုနှစ် မေလ ၁၁ ရက်နေ့တွင် အရေးပေါ်အခြေအနေမှ ဖြေလျှော့ခဲ့သည်။ ၂၀၂၄ ခုနှစ် နှစ်ဆန်းမှ ဩဂုတ်လအထိ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူ ၁၆၇၀၀ ကျော်ရှိခဲ့ပြီး သေဆုံးသူ ၅၇၀ ကျော်ရှိကြောင်း နိုင်ငံတကာ သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။ မျောက်ကျောက်ရောဂါ ကူးစက်ပျံ့နှံ့မှုသည် အာဖရိကရှိ နိုင်ငံ ၁၇ နိုင်ငံအပြင် အခြားသောနိုင်ငံများတွင်လည်း ကူးစက်ပျံ့နှံ့လျက်ရှိပြီး အသက် ၁၅ နှစ်အောက် ကလေးငယ်များတွင် အဖြစ်များသည်။ ထို့ကြောင့် WHO သည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် မျောက်ကျောက်ရောဂါကူးစက်မှုအား နိုင်ငံတကာ ပြည်သူကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ဒုတိယအကြိမ် ထပ်မံကြေညာခဲ့ရသည်။

### ကူးစက်နိုင်ခြေရှိသောနည်းလမ်းများ

မျောက်ကျောက်ရောဂါ ကူးစက်နိုင်ခြေရှိသော နည်းလမ်းများမှာ ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံခြင်း၊ ရောဂါပိုးရှိသူနှင့် အရေပြားချင်း ထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်း၊ ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်း (စကားပြောခြင်း၊ အသက်ရှူခြင်း)၊ ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိခြင်း၊ ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့်ကိုင်တွယ်ထိတွေ့ခြင်း၊ မသန့်ရှင်းသော ဆေးထိုးအပ်နှင့် ဆေးရုံသုံးပစ္စည်းများ၊ Mpox ဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိခြင်း၊ မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်းတို့ဖြစ်သည်။

### သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ

ရောဂါပိုးစတင်ဝင်ရောက်ပြီး ၁ ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်သည်။ မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့် လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများ ပေါက်ခြင်း၊ ဖျားခြင်း ၊ အကျိတ်များ ရောင်ရမ်းခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများ နာကျင်ခြင်း၊ ကျောအောင့်ခြင်း၊ မောပန်းနွမ်းနယ်ခြင်းတို့ဖြစ်သည်။

### ကာကွယ်နိုင်မည့်နည်းလမ်းများ

မျောက်ကျောက်ရောဂါ ကာကွယ်ရေးအတွက် ၎င်းရောဂါလက္ခဏာ ခံစားနေရသူနှင့် အရေပြားချင်း ထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာ ထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ခြင်း၊ အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း(Mask)ကို တပ်ဆင်ခြင်း၊ ရောဂါလက္ခဏာခံစားနေရသော သံသယလူနာ၏ အသုံးအဆောင်များကို လက်အိတ်ဖြင့် ကိုင်တွယ်ခြင်း၊ နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်း၊ လက်ကို ဆပ်ပြာနှင့် ရေ သို့မဟုတ် အယ်လ်ကိုဟော အနည်းဆုံး ၆၀ ရာခိုင်နှုန်း ပါဝင်သော ရေမလို လက်သန့်စင် ဆေးရည်အသုံးပြု၍ စနစ်တကျ ဆေးကြောခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ခြင်း၊ အသုံးအဆောင်ပစ္စည်းများဖြစ်သည့် အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်များကို ရေ၊ ဆပ်ပြာနှင့် စနစ်တကျလျှော်ဖွပ်၍ အသုံးပြုခြင်း၊ တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ ထိတွေ့ကိုင်တွယ်မှုကို ရှောင်ကြဉ်ခြင်းနှင့် အသားများကို ကျက်အောင် ချက်ပြုတ် စားသောက်ခြင်း စသည်တို့ လုပ်ဆောင်သွားရန် လိုအပ်သည်။

### ရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှု

ကျန်းမာရေးဝန်ကြီးဌာနသည် WHO က မျောက်ကျောက်ရောဂါအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ(Public Health Emergency of International Concern–PHEIC) အဖြစ် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ပထမအကြိမ် ထုတ်ပြန်ကြေညာခဲ့စဉ်ကပင် ရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုခြင်း (Fever with Vesicular Rash Surveillance) လုပ်ငန်းအား နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ပြည်သူ့ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် မေလ ၁၁ ရက်နေ့တွင် WHO က PHEIC မှ ဖြေလျှော့ခဲ့သော်လည်း မြန်မာနိုင်ငံတွင် ရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုခြင်းအား ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ်မှ လက်ရှိအချိန်အထိ သံသယလူနာများ၏ ဓာတ်ခွဲနမူနာ ၁၂၉ ခုအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာတွင် မျောက်ကျောက်ရောဂါ အတည်ပြုလူနာမရှိသေးကြောင်း သိရသည်။

> ❂ ရောဂါပိုးစတင်ဝင်ရောက်ပြီး ၁ ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်သည်။ မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့် လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများ ပေါက်ခြင်း၊ ဖျားခြင်း၊ အကျိတ်များ ရောင်ရမ်းခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊ မောပန်းနွမ်းနယ်ခြင်းတို့ဖြစ်
>
> ❂ မျောက်ကျောက်ရောဂါသည် ပေါ့ဆ၍မရသည့် ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး အိမ်နီးချင်း ထိုင်းနိုင်ငံသို့ စတင်ရောက်ရှိလာပြီဖြစ်သည်။ ပြည်သူများအနေဖြင့် ကျန်းမာရေး ဗဟုသုတရှိနေမည်ဆိုလျှင် ကူးစက်ရောဂါကို သတိထားရှောင်ရှားနိုင်မည်ဖြစ်

### အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

WHO က ရောဂါဖြစ်ပွားနိုင်ခြေ သတ်မှတ်ချက်အရ မျောက်ကျောက်ရောဂါသည် မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားနိုင်ခြေ နည်းပါးသော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများရှိနေသဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် မျောက်ကျောက်ရောဂါ ကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်/ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုအား နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူနာတွေ့ရှိပါက ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် သီးခြားလူနာဆောင်များ၊ လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ အသင့်ပြင်ဆင်ထားရှိခြင်း၊ ပြည်သူလူထုအတွင်း ရောဂါကာကွယ်ရေးနည်းလမ်းများအား ကျန်းမာရေး အသိပညာပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

### သတိထားရှောင်ရှားသွားရန် လိုအပ်သော မျောက်ကျောက်ရောဂါ ကူးစက်မှုအန္တရာယ်

ပြည်သူများအနေဖြင့် ဖျား၍ မျက်နှာ၊ လက်၊ ခြေထောက်၊ ပါးစပ်နှင့် လိင်အင်္ဂါများတွင် အနီကွက်များနှင့်အတူ အရည်ကြည်ဖုများ ပေါက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ကိုက်ခဲခြင်း၊ မောပန်းနွမ်းနယ်ခြင်းတို့အပြင် ရောဂါလက္ခဏာ ခံစားနေရသူများ(အထူးသဖြင့် လွန်ခဲ့သည့် ၂၁ ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများ)နှင့် ထိတွေ့မိခြင်းရှိပါက ခရီးသွားလာခြင်းရှောင်ကြဉ်သင့်ပြီး နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့၍ ကုသမှုခံယူသွားရန် လိုအပ်သည်။

လက်ရှိအချိန်တွင် မျောက်ကျောက်ရောဂါ ကူးစက်ပျံ့နှံ့မှု များပြားလာသည့်အတွက် WHO သည် ကျွမ်းကျင်သူအရေးပေါ်ကော်မတီကို ထူထောင်ခဲ့ရသည်။အခြေအနေမှာ အလွန်စိုးရိမ်ဖွယ်ရာ ကောင်းသည်ဟု WHO ၏ ညွှန်ကြားရေးမှူးတက်ဒရို့စ်က သတင်းထောက်များကို ပြောကြားခဲ့သည်။ မျောက်ကျောက်ရောဂါသည် ပေါ့ဆ၍မရသည့် ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး အိမ်နီးချင်း ထိုင်းနိုင်ငံသို့ စတင်ရောက်ရှိလာပြီဖြစ်သည်။ ပြည်သူများအနေဖြင့် ကျန်းမာရေးဗဟုသုတရှိနေမည်ဆိုလျှင် ကူးစက်ရောဂါကို သတိထားရှောင်ရှားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို အလေးထားလိုက်နာရင်း မျောက်ကျောက်ရောဂါ ကူးစက်မှုအန္တရာယ်ကို သတိထားရှောင်ရှားသွားနိုင်ရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

**ရည်ညွှန်းကိုးကား**

(၁) ကျန်းမာရေးဝန်ကြီးဌာန၏ ၁၉–၈–၂၀၂၄ ရက်နေ့ သတင်းထုတ်ပြန်ချက်။

(၂) https://www.news18.com/lifestyle/understanding-monkeypox-symptoms-transmission-and-management-9023229.html/

# လက်ပံတန်းမြို့နယ် ရေငံကျေးရွာနှင့် အုပ်ဖိုကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ရေငံကျေးရွာနှင့် အုပ်ဖိုကျေးရွာတို့ကို ဩဂုတ် ၂၇ ရက် ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ ဩဂုတ် ၂၇ ရက်က ရေငံကျေးရွာအနီးတွင် PDF အမည်ခံ အကြမ်းဖက်သမားများရောက်ရှိနေပြီး အင်အားစုဖွဲ့ လျက်ရှိကြောင်း ဒေသခံကျေးရွာသားများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ၎င်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည့်သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းအမှားများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချခြင်း စသည့်လှုံ့ဆော်ဝါဒဖြန့်ဝေနေသည့် သတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့နယ်၌ ရေခဲသေတ္တာသုံး Safe Guard အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ဩဂုတ် ၂၇ ရက်က ရေခဲသေတ္တာသုံး Safe Guard အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၆ ရက် ည ၁၂ နာရီ ၅ မိနစ်ခန့်တွင် တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ “SHABU SHABU” အကင်စုံဆိုင်၌ မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ တောင်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ တောင်ကြီးမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ရှစ်စီး၊ ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မိနစ် ၃၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ ဖြစ်စဉ်ကိုစိစစ်ခဲ့ရာ ရတနာသီရိရပ်ကွက်နေ ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးဇော်မင်းထွေး ၄၂ နှစ်သည် အကင်ဆိုင်ကိုပိတ်၍ နေအိမ်သို့ပြန်သွားစဉ် ဆိုင်ခန်းအတွင်းရှိ ရေခဲသေတ္တာသုံး Safe Guard အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး စျေးဆိုင်သုံးပစ္စည်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ဇော်မင်းထွေးအား တောင်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Haymar Hnin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၇)ရပ်ကွက်နေ ဟေမာနှင်းအား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “@aungkooo၀5775” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ လှိုင်သာယာမြို့နယ်နေ အောင်ကိုဦးအား ည ၉ နာရီတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၇၉၁၆၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၀၇၉၁၆၅** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၂၆ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ်အတွင်း၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ၁၀ မျိုးနှင့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၆၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၆၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ဩဂုတ် ၂၇ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ မန်ခိုန်ရပ်ကွက်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် (၈၇၆၀) ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၆၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ဂ ဒသမ ၈၈၅ တန်၊ သစ်မာ ၁ ဒသမ ၅၈၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၈၁၇၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

ထို့အတူ ဩဂုတ် ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဆင်ပေါင်ဝဲမြို့နယ်နှင့် မင်းတုန်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀ ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မင်းတုန်းမြို့နယ်၌ တရားမဝင် အခြားသစ် (၁ ဒသမ ၅၂၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၅၆၆) ကို သစ်တောဥပဒေအရလည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၈၀၅၆၆** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၈ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ပုစွန်နှစ်ကောင်စားအုန်းဆီဘူး ၁၀၀၀ အပါအဝင် စားသောက်ကုန်ပစ္စည်း နှစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကော့ကရိတ်မြို့နယ် နွားခြံကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Deestone ဆိုင်ကယ်တာယာ အလုံး ၅၀၀ အပါအဝင် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၃၃၀၀၀၀** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၂၁)မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၁၆၁၇၉၀၇ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

DANISH REFUGEE COUNCIL

Invitation To Bid (ITB)

The Danish Refugee Council (DRC) has received grants from DFAT for the implementation of humanitarian aid in Rakhine State.

DRC is seeking new vendors and requests you to submit bids for the **Supply of Dignity Kits–500 kits, including transportation service from Yangon to DRC Warehouse in Sittwe, Rakhine State.**

Tender No.: **ITB–MM–RGN–2024–002**

ITB Issuing Date: 29th August 2024, from 09:00 AM (Myanmar Time)

Closing date for clarifications: 5th September 2024, 04:00 PM (Myanmar Time)

ITB Closing Date: 12th September 2024, 04:00 PM, (Myanmar Time).

For more information on how to obtain the full tender package, please contact to **Supply Chain Department;**

**Office Address:**

**No.45, Inya Myaing Road, Bahan Township, Yangon.**

**Phre Reh** phre.reh@drc.ngo

ph–09 253525358

**Sa Justin** sa.justin@drc.ngo

ph–09 960366313

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7C/5929 Toyota Harrier MUC 10, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဉ္ဇာမျိုးအောင် ၁၂/ဥကမ(နိုင်)၁၈၅၁၈၄က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/40821 New Aibo–125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မော်မော်လွင် ၅/အရတ(နိုင်) ၀၈၀၄၇၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/25432 Honda Scoopyi 110, M/C ယာဉ်လက်ဝယ် ရှိသူ ဒေါ်မေလွင်ဦး ၉/ပကခ(နိုင်) ၀၁၉၈၂၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ဖခင်နှင့်မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့ အောက်ရပ်ကွက်နေ မဟွန်းနှင်းဆိုင် ၅/ပဆန(နိုင်)၀၀၅၀၉၆၊ မောင်ယောမောင်တို့၏ဖခင် ဦးငင်းလောင်၏ အမည်မှန်မှာ ဦးငန်းလုံ ၁/မကန (နိုင်)၀၆၄၈၄၇ ဖြစ်ပြီး မိခင် ဒေါ်နေးထက်၏ အမည်မှန်မှာ ဒေါ်နေးလတ် ၁/မကန(နိုင်) ၀၉၄၁၆၇ ဖြစ်ကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ–၃၊ ဦးပိုင်အမှတ် (၈)၊ ၁၁၃ လမ်း၊ ၅၁x၅၂ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင်သန်း၏ (SPရရှိသူ ဦးယုံရှင်း)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၅၄၀/၂၀၂၁)ဖြင့် ဝယ်ယူခဲ့သူ ဦးယုံကွေ(ခ)လှဝင်း ၁၃/တယန(နိုင်)၀၃၇၁၇၉ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၂၇၂/၂၀၂၄–၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၉၃)၊ ဦးပိုင်အမှတ်(၁၃–ဃ)၊ ၄၁လမ်းနှင့် စိန်ပန်း လမ်းမကြီးထောင့်ရှိ ဦးဌေးအောင်၊ ဒေါ်ခင်ဝင်းအမည်ပေါက် ဘိုးဘမြေကွက်အား မဟာအောင်မြေခရိုင် တရားရုံးတော်၊ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၉၄၊ ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ် ၄၄၊ ၂၀၂၂ခုနှစ် တရားမဇာရီမှုအမှတ် –၄၅၄အရ လေလံတင်ရောင်းချသည့်အခါ ဦးဌေးအောင်၏သား ဝယ်ယူသူ ဦးဝင်းမြိုင်၏ (GPရရှိသူ ဒေါ်ခင်အေးဆွေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၁၉၅၉/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးကြည်လင်းစိုး ၈/မကန(နိုင်)၁၅၄၅၅၂က အမှုတွဲအမှတ် ၀၄၀၉/ဘ(ပြောင်း)/ ၂၀၂၄–၂၀၂၅ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇၂)၊ ကေတုမတီလမ်း၊ မြေကွက်အမှတ် ၇၆၅/ခ၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ) ဒေါ်တင်အေး အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပါမစ်အမည်ပေါက်(ကွယ်လွန်သူ)၏ သားသမီးများဖြစ်ကြသော အမွေဆက်ခံပိုင်ခွင့်ရှိသူများထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးဇော်ဝင်း ၁၂/ဒဂတ(နိုင်)၁၅၉၀၀၇ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြား ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ဖက်သဘောတူညီထားသည့် အရောင်းအဝယ်ပဋိညာဉ်အတိုင်း ကျန်ငွေ ပေးချေခြင်း၊ မြေကွက်နှင့်တကွ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ လက်ရောက် ရယူခြင်းတို့ဖြင့် အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးတင်ထွန်း (LL.B,LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်–၇၇၀၉)**
**အမှတ် – ၇၆၈/ခ၊ ကေတုမတီလမ်း၊ (၇၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၉၉၅၄၉၉၄၃**

## လင်မယားကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ဒေါ်သူဇာချော ၉/မထလ(နိုင်)၂၃၇၇၈၁၊ အမှတ်(၈၈)၊ ဦးကြင်ဥလမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူနှင့် ဦးရာဇာလွင်မြင့် ၉/ပဥလ(နိုင်)၀၀၄၄၂၉၊ ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်မြို့နေသူတို့သည် ၁၄–၈–၂၀၂၄ ရက်က နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သူဇာချော ၉/မထလ(နိုင်)၂၃၇၇၈၁**
**အမှတ်(၈၈)၊ ဦးကြင်ဥလမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ–၁၁၊ ဦးပိုင်အမှတ် (၁၁)၊ ၄၉x၁၀၇ လမ်းထောင့်ရှိ တောဂရန် မြေကွက် အမည်ပေါက်သူ တပ်သားတင့်လွင်၏ (GP ရရှိသူ ဦးရော်ကျိန်းရီ(ခ)ဦးသန့်ဇင်) ထံမှ မှတ်ပုံ တင်အရောင်းအဝယ်စာချုပ်အမှတ်(၈၇၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးယော်ဂျိန်းရင်(ခ)ဦးသီဟ ၁၃/လရန(နိုင်)၁၃၂၈၄၈၊ ဒေါ်နန်းစံဖေါင် ၁၃/မဆတ(နိုင်)၀၄၉၇၅၇ တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၂၇၃/၂၀၂၄–၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ–၆၇)၊ ဦးပိုင်အမှတ် (၆၉)၊ ၁၃၉(စီ)လမ်း၊ ၅၀x၅၁ လမ်းကြားရှိ ဦးသောင်းညွန့် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးသောင်းညွန့်၊ မိခင် ဒေါ်ခင်စိန်တို့မှ အမွေဆိုင်များအားလုံးကို ၆–၃–၂၀၀၅ ရက်စွဲပါ မှတ်ပုံမတင်သော မိသားစုသဘောတူညီမှုဖြင့် ပုံသေပေးအပ်ခြင်းသဘောတူစာချုပ်အမှတ်(၂၁၈၃/၂၀၂၄)ဖြင့် ခွဲဝေပေးအပ်ခြင်းခံရသူ ဦးသန်းဌေး ၉/မနတ(နိုင်) ၀၅၉၈၅၀ က အမှုတွဲအမှတ် ၃၂၇၄/ ၂၀၂၄–၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(City Loft)၊ တိုက်အမှတ်(CI9 )၊ အခန်းအမှတ် (516)၊ Type (1BR)၊ Area (484) sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ကိုစိုးမြတ်သူ ၁၄/ မမန(နိုင်)၁၄၆၃၁၈၊ မမေမီမီချစ် ၁၂/ဒဂန(နိုင်)၀၃၁၁၅၂ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးအောင်ဆန်းဝင်း**
**၁၂/တမန(နိုင်)၀၀၂၉၄၄**
**ဖုန်း–၀၉–၇၈၇၄၀၀၄၃၁**

## လူမှုခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၄၇ နှင့် လူမှုခံယူခြင်းဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၉ နှင့် ၁၅ (ခ) အရ MOLINS ENGINEERING MYANMAR LIMITED ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေ အစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ (အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

**MOLINS ENGINEERING MYANMAR LIMITED** (ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်း ဖျက်သိမ်းရေးဆိုင်ရာ စာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်း ဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်–

| | | |
|---|---|---|
| **ကျင်းပမည့်ရက်** | – | ၂၅–၉–၂၀၂၄ ရက် |
| **ကျင်းပမည့်အချိန်** | – | – နံနက် (၁၀း၀၀) နာရီ |
| **ကျင်းပမည့်နေရာ** | – | အမှတ်–၁၃၁၂၊ သရဖီလမ်း၊ ၃၄–ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

**ဒေါ်မေသူလှိုင်**
**(MAIP Member Number – 00075)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**MOLINS ENGINEERING MYANMAR LIMITED**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂) စစ်တွေခရိုင်တရားရုံးတော် ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်–၆ နှင့်ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၂

| | | |
|---|---|---|
| ဦးငွေသိန်း | နှင့် | အေးအေးငြိမ်း |
| **(တရားနိုင်)** | | **(တရားရှုံး)** |

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဦးအောင်ထွန်းဦးလမ်း၊ အမှတ်(အထ/၁၂၁(က))နေ (ယခုနေရပ်လိပ်စာမသိ) တရားရှုံးဖြစ်သူ အေးအေးငြိမ်း သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်(၆)တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန်အတွက် ဤရုံးတော်တွင် ဒီကရီအနိုင်ရရှိသူက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက်)မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် ဤရုံးတော်ရှေ့သို့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဝင်းထွန်း)**
**ခရိုင်တရားသူကြီး**
**စစ်တွေခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ဖွံ့ဖြိုးရေးလမ်းနှင့်ဖွံ့ဖြိုးရေး (၂)လမ်းထောင့်၊ အကွက်အမှတ်(၂၈၊ ညောင်သုံးပင်မြောက်ကွက်)၊ ဦးပိုင်အမှတ် (က/၂)၊ မြေကွက်အမှတ် (စ/၅၉)၊ ဒေါ်မြသန်းအမည်ပေါက်မြေကွက်နှင့် မြေကွက်အမှတ်(စ/၆၀)၊ ဦးမောင်မောင်အေးအမည်ပေါက်မြေကွက်၊ စုစုပေါင်း ဧရိယာ ၀ ဒသမ ၀၆၉ ဧက အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးအေးလင်း(ဘ)ဦးဘစိန် ၈/ရနခ(နိုင်)၀၇၀၅၃၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်စိုးမိုး(ဘ)ဦးအုံးမြင့် ၁၂/ကမရ(နိုင်)၀၁၅၈၀၉ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇာနည်(LL.B,D.B.L) (စဉ် – ၁၄၆၆၈)** | **ဒေါ်ခင်သီတာမြင့်အောင်** |
| **ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B )** | **(LL.B)** |
| **(စဉ် – ၁၈၇၂၆)** | **(စဉ် – ၅၂၀၆၄)** |
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေ** |

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း – ၀၉–၄၂၀၃၀၀၂၆၂**

## လူမှုခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၄၇ နှင့် လူမှုခံယူခြင်းဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၉ နှင့် ၁၅ (ခ) အရ YUXI MYANMAR COMPANY LIMITED ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေ အစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ (အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

**YUXI MYANMAR COMPANY LIMITED** (ဖျက်သိမ်းဆဲ) ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်း ဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်–

| | | |
|---|---|---|
| **ကျင်းပမည့်ရက်** | – | ၂၄–၉–၂၀၂၄ ရက် |
| **ကျင်းပမည့်အချိန်** | – | နံနက် (၁၀း၀၀) နာရီ |
| **ကျင်းပမည့်နေရာ** | – | အမှတ်–၄၉၂၊ သရဖီ (၆) လမ်း၊ ၃၄–ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

**ဒေါ်မေသူလှိုင်**
**(MAIP Member Number – 00075)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**YUXI MYANMAR COMPANY LIMITED**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ (၅)ရပ်ကွက်နေ ဦးညွန့်ဝင်း၏သမီး မဝင်းဝါစိုး ၇/ကတခ(နိုင်) ၂၁၇၅၁၅ ၏ ပတ်စ်ပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၉၂၄၆၇၂၆၄**

## ဖခင်အမည်မှန်

မန္တလေးတိုင်း ဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အ.ထ.က(ခွဲ)၊ ဝမ်းတွင်း(၁)၊ Grade–9မှ မချစ်ဆုပန် ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဦး ၅/ဘတလ(နိုင်) ၀၈၆၅၇၇ ဖြစ်ပါ ကြောင်း။

**ဦးဇော်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/02582 Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးချမ်းအောင် ၁၄/ပသန(နိုင်)၂၃၄၄၉၉က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**ပုသိမ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/66393 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာဝင်း ၁၂/ဒဂတ(နိုင်) ၁၁၉၀၃၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၇)ရပ်ကွက်၊ အင်းဝ(၁)လမ်း၊ အမှတ် (၈၇/၉၇၂(က)၊ မြေကွက်အကျယ်အဝန်း(၂၀ ပေ x ၆၀ ပေ)ရှိ ဦးကျော်ဆွေဦး အမည်ပေါက် မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်ကို အရောင်းအဝယ် ကတိစာချုပ်များအရ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လယ်ချမီး ၇/ကစန(ပြု)၀၀၀၀၁၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူအောင် ၁၂/သလန(နိုင်)၀၈၅၃၆၈ မှ နှစ်ဦးသဘောတူအိမ်/ခြံမြေ အရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါ မြေကွက် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူအောင် ၁၂/သလန(နိုင်)၀၈၅၃၆၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးရဲအောင်နိုင်ထူး** | **ဒေါ်ဖြိုးပိုပို** |
| **LL.B (စဉ်–၁၈၈၀၃)** | **LL.B (စဉ်–၅၄၁၆၈)** |
| **WIPO (Switzerland)** | **WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ဖုန်း–၀၉–၄၅၀၀၄၅၁၈၇၊ ၀၉–၇၉၆၃၆၀၀၈၁၊ ၀၉–၇၉၁၆၈၆၃၃၄**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ခရေပင်လမ်း၊ Finger Lake , FMI CITY, အမှတ်(L-62)ရှိ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၀၅၉၉၂၈၉)ဖြင့် မှတ်ပုံတင်ရရှိထားသော DRAGON HOLDING INTERNATIONAL COMPANY LIMITED မှ ကုမ္ပဏီ၏ (General Manager)ဖြစ်သူ ဦးမင်းအောင်(ဘ)ဦးအောင်မြင့်စိန် ၁၂/ကမန(နိုင်)၀၇၅၉၀၄ သည် ရန်ကုန် မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၎င်း၏ကုမ္ပဏီမှုပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ်(၄/၆၇၈၆)ဖြင့် (၁၃-၈-၂၀၂၄)ရက်တွင် တရားဝင်မှတ်ပုံတင်သွင်း၍ မြွက်ဟကြေညာထားပြီးဖြစ်ပါသည်-

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား "TAIYO" ဟူသော တံဆိပ်အမည်အမှတ်အသားဖြင့် "ဆိုလာ Inverter အမျိုးမျိုး၊ ဆိုလာBattery အမျိုးမျိုး၊ ဆိုလာပြားအမျိုးမျိုး၊ ဝါယာကြိုးအမျိုးမျိုး၊ Breaker အမျိုးမျိုး၊ Breaker Box အမျိုးမျိုး၊ လျှပ်စစ်နှင့်ဆက်နွယ်ပတ်သက်သည့် အိမ်သုံးပစ္စည်းအမျိုးမျိုး၊ လုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး၊စက်ရုံသုံးပစ္စည်းအမျိုးမျိုး" တို့ကို ပြည်ပနိုင်ငံဖြစ်သော တရုတ်နိုင်ငံ၊ GUANGDONG TECHFINE ELECTRONIC CO.,LTD၏(၈-၈-၂၀၂၄)ရက်စွဲပါ တစ်ဦးတည်း တင်သွင်း/ဖြန့်ဖြူးခွင့် အကြောင်းကြားစာအရ တရားဝင်မှာယူတင်သွင်း၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ထုတ်လုပ်/ဖြန့်ဖြူး/ရောင်းချလျက်ရှိသည်မှာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

မိမိတို့ကုမ္ပဏီနှင့် စပ်လျဉ်းပတ်သက်သည့် ကိစ္စများပေါ်တွင်လည်း ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အရွယ်အစား အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊အရောင်အမျိုးမျိုးတို့ဖြင့် ပြုလုပ်အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးဖြောင့်သော သဘောဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်း၊တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပကူးယူခြင်းများနှင့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၄၀၁၁၀၄၈**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥသ္သာမြို့သစ်၊ (၆)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ်(၆၄-က)ရှိ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၇၄၈၈၇၀၃၉)ဖြင့် မှတ်ပုံတင်ရရှိထားသော MOE WAI YAN COMPANY LIMITED မှ ကုမ္ပဏီ၏ (General Manager)ဖြစ်သူ ဦးမင်းအောင်(ဘ)ဦးအောင် မြင့်စိန် ၁၂/ကမန(နိုင်) ၀၇၅၉၀၄သည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး တွင် ၎င်း၏ကုမ္ပဏီမှုပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ်(၄/၆၇၈၆)ဖြင့် (၁၃-၈-၂၀၂၄) ရက်တွင် တရားဝင်မှတ်ပုံတင်သွင်း၍ မြွက်ဟကြေညာထားပြီး ဖြစ်ပါသည်-

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား "APLUS ALUMINIUM PROFILE" ဟူသော တံဆိပ်အမည်အမှတ်အသားဖြင့် "အလူမီနီယံဒီဇိုင်းပုံစံအမျိုးမျိုး၊ အလူမီနီယံပိုက်ပုံစံအမျိုးမျိုး၊ အလူမီနီယံ ပြတင်းပေါက်ပုံစံအမျိုးမျိုး၊ အလူမီနီယမ်တံခါးပုံစံအမျိုးမျိုး၊ အလူမီနီယံ ကာတင်ဝေါလ်ပုံစံအမျိုးမျိုး၊ အလူမီနီယံ ပရိဘောဂသုံးပုံစံအမျိုးမျိုး၊ အလူမီနီယံ မီးဖိုချောင်သုံးပုံစံအမျိုးမျိုး၊ အလူမီနီယံ မျက်နှာစာဒီဇိုင်းပုံစံအမျိုးမျိုး၊ အလူမီနီယံ ကုန်မာပစ္စည်းအမျိုးမျိုး၊ အလူမီနီယံ အလုပ်ရုံသုံးစက်ပစ္စည်းအမျိုးမျိုး" တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ထုတ်လုပ်/ဖြန့်ဖြူး/ရောင်းချလျက်ရှိသည်မှာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

မိမိတို့ကုမ္ပဏီနှင့် စပ်လျဉ်းပတ်သက်သည့် ကိစ္စများပေါ်တွင်လည်း ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အရွယ်အစား အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊အရောင်အမျိုးမျိုးတို့ဖြင့် ပြုလုပ်အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးဖြောင့်သောသဘောဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပကူးယူခြင်းများနှင့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၄၀၁၁၀၄၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊နည်းဥပဒေ-၂၀)
## ရန်ကင်းမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၁

ဒေါ်မေသက်ပိုင်ထွေး (တရားလို) နှင့် ဦးမင်းသူထွန်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၉၄)နေ ဦးမင်းသူထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၆)ရက်၊ (၁၃၈၆ခုနှစ်၊ တော်သလင်းလဆုတ် ၉ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏မျက် ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၆)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခွဲပြည့်စုံ)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ရန်ကင်းမြို့နယ်တရားရုံး**

## မိခင်အမည်မှန်

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘိုကလေးမြို့၊ အထက(၃)ကျောင်း၏ G-7/Bမှ မောင်ရဲနိုင်သက်၏ မိခင်အမည်မှန်မှာ ဒေါ်ဆင့်ဆင့်မျိုး ၁၄/ဘကလ(နိုင်)၂၁၄၁၆၀ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

စက်မှုလက်ယာဦးစီးဌာန၊ အမှတ်(၈၄) စက်မှုလယ်ယာစခန်း ပျဉ်းမနားမြို့တွင် တာဝန်ထမ်းဆောင်နေသော ဦးမောင်မောင်သန်းနိုင်နှင့် ဦးသန်းနိုင် ၁၃/တကန(နိုင်)၁၃၁၆၂၆သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/39975, Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ Ever OK Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရွှေသောင်ယံမြို့၊ သဘော့ကန်အုပ်စု၊ သဘော့ကန်ကျေးရွာ အထက သဘော့ကန် Grade-12 တွင် ပညာသင်ကြားနေသော မောင်ရှင်းသန့်ဇော်ထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်နောင် (ခ)ဦးဇော်မျိုး နောင် ၁၄/ ရသယ(နိုင်)၀၀၀၄၄၄ ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်နောင်(ခ)ဦးဇော်မျိုးနောင်**

## အမည်ပြောင်း

ပြည်မြို့နယ်၊ ပေါင်းတလည်မြို့နေ ဦးမြင့်သူ ၇/ပမန (နိုင်)၁၃၉၂၃၉ ၏သား အ.ထ.က(ပေါင်းတလည်) ၂၀၂၄- ၂၀၂၅ပညာသင်နှစ် Grade -12(A)မှ မောင် ဝိုင်းပြည့်ကို ၇/ပမန (နိုင်)၂၄၄၄၀၈အား မောင်ဝိုင်းပြည့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဝိုင်းပြည့်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေဧရိယာ(၁.၂၅၀)ဧက၊ မြေကွက်အမှတ် (ဥ-၄၀၁၅/၄၀၁၆၊ ၄၀၁၇/၄၀၁၈)၊ ဦးအာကာကြိုင် (ဘ)ဦးရွှေကြိုင် ၁၂/လသန(နိုင်)၀၂၁၄၅၇ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ဝါဝင်းကြိုင် (ဘ) ဦးရွှေကြိုင် ၁၂/ဒဂန(နိုင်)၀၂၆၇၅၆မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

